http://www.thitsarparamisociety.com/

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်က
ဤစာအုပ်ကို ရိုက်နှိပ်ထုတ်ဝေပါသည်။

အမှတ် (၈၂)၊ နတ်မောက်လမ်း၊ ဗဟန်း
ရန်ကုန်မြို့တွင် ရနိုင်ပါသည်။
ဖုန်း–၅၄၁၈၆၀၊ ၅၄၆၄၆၆၊ ၀၉၇၃၂၄၅၂၅၅



# အဖိုးတန်တဲ့ဘဝ
# အဖိုးတန်တဲ့ အလုပ်ကိုလုပ်ပါ

## (ပဋိစ္စသမုပ္ပါဒ်)

၇၀

( ၁၂ ၊ ၁၂ ၊ ၆၁ )

ကျေးဇူးတော်ရှင် မဟာထေရ် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး
ဟောကြားတော်မူသော သစ္စာ (၄)ပါးတရားတော်
အမှတ်စဉ် (၇) မှ ထုတ်နုတ်ပုံနှိပ်ပါသည်။

http://www.thitsarparamisociety.com/

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ်ဆရာတော်ဘုရားကြီး
အမရပူရမြို့၌ ဟောကြားတော်မူသော တရားတော်

# ''အဖိုးတန်တဲ့ဘဝ အဖိုးတန်တဲ့အလုပ်ကို လုပ်ပါ''

(ပဋိစ္စသမုပ္ပာဒ်တရားတော်)
(၁၂-၁၂-၆၁)

ဒုလ္လဘတရား ငါးပါးရှိတယ်ဆိုတာ အားလုံးလဲ ခဏ ခဏပဲ ကြားဖူးကြပါတယ် ဒုလ္လဘတရား ငါးပါးဆိုတာ နော် . . . (မှန်လှပါဘုရား)။

ဒါဟာ ဘုရားသခင် ကိုယ်တော်မြတ်ကြီး နေ့တိုင်းခြေ ဆေးတိုင်း ဒါကလေး ရွတ်ရှာတယ် . . . (မှန်လှပါ)။

ဆွမ်းခံပြန်လာပြီဆိုမှဖြင့် ခြေဆေးတဲ့ ကျောက်ဖျာမှာ ရေခွက်ကလေးနဲ့ ခြေဆေးတိုင်း, ခြေဆေးတိုင်း တစ်ခါတည်း 'ဗုဒ္ဓုပ္ပါဒေါဒုလ္လဘောလောကသ္မိံ' ဘုရားပွင့်ဖို့ရာ ခဲယဉ်းတယ်ကွ ဒါ ရှေးဦးစွာ ရွတ်တာပဲ . . . (မှန်ပါ့)။

http://www.thitsarparamisociety.com/



မနုဿတ္တဘာဝေါဒုလ္လဘော - လူ့ဘဝရဖို့ရာလဲ အင်မတန်ခဲယဉ်းတယ်ကွ. . . (မှန်ပါ့) သဒ္ဓါသမ္ပတ္တိနဲ့ ပြည့်စုံဖို့လဲ ခဲယဉ်းတယ်ကွ (မှန်ပါ့)။

သူတော်ကောင်းတရားနာဖို့လဲ ခဲယဉ်းတယ်ကွ။ ဒါနေ့တိုင်း သတိပေးတာပဲ . . . (မှန်လှပါ) ဘာဖြစ်လို့ သတိပေးရသလဲလို့ မေးလို့ရှိရင်ဖြင့် ရခဲလို့ မှတ်ရမယ် . . . (မှန်ပါ့ဘုရား)။

အဲဒီ ရခဲတာကြီးကို ဘုန်းကြီးတို့ ဒကာဒကာမတွေကဗြဲ . . . ရခဲတဲ့အခါမှာ အင်မတန်မှ ရခဲတဲ့အလုပ်ကြီး တစ်ခုငါတို့ရပြီးသကာလ . . . လာကြတယ်ဆိုတာ ဘုန်းကြီးက ရှင်းပြတော့မယ် . . . တဲ့၊ ဒကာဒကာမတွေ သေသေချာချာ မှတ်ပါနော် . . . (မှန်ပါ့ဘုရား)။

ပုရွက်ဆိတ်ကလေးတစ်ကောင် မောင်ဘသော်နော် (မှန်ပါ့) ဘယ့်နှယ်လုပ်ပြီး မင်းတို့လူ့ဘဝ ရမလဲဆိုတာ စိတ်ကူးကြည့်စမ်း . . . လူ့ဘဝ ဘယ်လိုတက်မလဲဆိုတာ . . . (ခဲယဉ်းပါတယ်ဘုရား) မရနိုင်တော့ဘူးဘဲ ဆုံးဖြတ်ချက် ချပါတော့ . . . (မှန်လှပါ) သန်းကလေးတစ်ကောင် ဒကာကြွယ် အကဲခတ်ကြည့်စမ်း . . . လူ့ဘဝရဖို့ ဘယ့်နှယ်နေသလဲ . . . (ခဲယဉ်းပါတယ်ဘုရား)။

ဗြဲ . . ခဲယဉ်းတာချည်းပဲဆိုတဲ့ဥစ္စာ ဒါ့ကြောင့်လူ့ပြည်က အပ်တစ်စင်း ထောင်ထား၊ ဗြဟ္မာ့ပြည်က အပ်တစ်

http://www.thitsarparamisociety.com/



စင်းအသွား အောက်လှည့်ပြီးချလိုက်၊ အသွားချင်းထိဖို့ရာဆိုတာ ဝေးပါသေးရဲ့၊ လေတွေက အမျိုးမျိုး တိုက်နေ၊ ဝေးကွာတာကလဲ လွန်လို့နေဘ် . . . (မှန်ပါ့ဘုရား)။

အဲဒါ ထိဖို့ရာရှိသေးတယ်ကွ . . . မင်းတို့ လူ့ဘဝရဖို့ရာ အရေး ဒီထက်ကွာဝေးပါသေးတယ်ဆိုတဲ့ဥစ္စာ . . . ဘုရားသခင်ကိုယ်တော်မြတ်ကြီး သုံးရှာတယ် . . . (မှန်ပါ) ခဲယဉ်းကြောင်းကို ယှဉ်ပြတာပဲ . . . (မှန်ပါ့)။

ဒါတွင် မကပါဘူးကွာ . . . တဲ့၊ မင်းတို့သည်ကား . . . လို့ဆိုရင် ပင်လယ်ထဲမှာ စုန်ချီ၊ မျောချီအပေါက်တစ်ပေါက်ဖောက်ပြီးသကာလ ထွန်တုံးတစ်တုံး မျှောလိုက်တာပေါ့ကွ . . . ထွန်တံလဲ မျှောလိုက်တာပေါ့ကွ။

လိပ်ကန်းကြီးဆိုတာ အနှစ်တစ်ရာမှ တစ်ခါပေါ်တဲ့ လိပ်ကန်းကြီးနဲ့ ရေပင်လယ်ထဲ ရောက်သွားတဲ့အခါ . . . ဒီထွန်တုံးပေါက် လိပ်ကန်းကြီး ခေါင်းကလေးလျှို အပန်းဖြေနားဖို့ အရေးဘာလဲ နဂိုကလဲလိပ်ကန်း ထွန်တုံးကလဲ သွားချင်သလို သွားဆိုတော့ တွေ့ဖို့၊ ကြုံဖို့အတော်ခဲယဉ်းတယ် . . . (ခဲယဉ်းပါတယ် ဘုရား)။

အဲဒါ . . . ခဲယဉ်းတာက တစ်ခါတလေ ကြုံတွေ့၊ တွေ့လိမ့်ဦးမယ်ကွ၊ မင်းတို့ လူ့ဘဝ ဒီထက်ရခဲတယ်လို့ ပြောလိုက်တယ် (မှန်ပါ့ဘုရား)။

http://www.thitsarparamisociety.com/



# အဖိုးတန်တဲ့ဘဝ၊ အဖိုးတန်တဲ့အလုပ်လုပ်ပါ

အဲဒီတော့ ဒကာဒကာမတွေက ဩော် . . . တို့သည်ကား . . . အဖိုးတန်ဘဝကြီးပါကလား . . . (မှန်ပါ့ဘုရား) သဘောပါပလား . . . (ပါ-ပါပြီဘုရား)။

အဖိုးတန်တဲ့ဘဝကြီးမှာ အဖိုးတန်တဲ့အလုပ်ကို လုပ်မယ်လို့ ဆုံးဖြတ်ချက်ချကြစမ်းပါ . . . (မှန်လှပါဘုရား) အဖိုးတန်တဲ့ဘဝကို . . . (အဖိုးတန်တဲ့အလုပ် လုပ်ရပါမယ်ဘုရား) အဖိုးတန်တဲ့အလုပ်ကိုလုပ်မယ်လို့ ဆုံးဖြတ်ချက်ချကြစမ်းပါနော် . . . (မှန်ပါ့)။

ဒီတစ်ခါ မရစဖူး အရထူး တက်လာခဲ့တယ်ဆိုတာလဲ ဒကာကြွယ် မောင်ဘသော်တို့ သိပြီ . . . (မှန်ပါ့)။

ဒီထဲကနေပြီးသကာလ လူ့ပြည်ရောက်ပြီ၊ ကဲ . . . လူ့ဒုက္ခတွေ သိမ်းမယ်၊ ရခဲတဲ့ဘဝကနေ သိမ်းပြီးသတာလ မအို၊ မသေအမြဲနေတဲ့နိဗ္ဗာန်၊ ဒုက္ခသိမ်းငြိမ်းတဲ့နိဗ္ဗာန် ကိလေသာမီးတို့ သိမ်းတဲ့နိဗ္ဗာန်ကိုလဲ အေးအေးချမ်းချမ်းပဲ ဘာပူညာပူမှမရှိတဲ့ ဘယ်ပျက်စီးမှုမှ မရှိတဲ့နိဗ္ဗာန်ကိုပဲ နေရအောင် ကြိုးစားပါတော့မယ်ဆိုတဲ့ စိတ်တစ်ခုတည်း မွေးဖို့ကောင်းတယ် . . . (မှန်လှပါဘုရား)။

ဟာ. . . ဒီလောကကြီး လှည့်စားတာနဲ့ သူများပြောသံကြားနဲ့ နတ်ပြည်ကောင်းသလေး၊ ဗြဟ္မာပြည်ကောင်းသလေးနဲ့

http://www.thitsarparamisociety.com/



သေပွဲနွှဲဖို့ရာ အလုပ်တွေကို ဦးဘအုန်း အားကျနေဖို့ မလိုပါဘူး . . . (မလိုပါဘုရား) မလိုပါဘူး၊ ဒါတွေက သေပွဲလမ်းညွှန်တွေပါ (မှန်ပါ့ဘုရား) ဘာလမ်းညွှန်တာတုံး . . . (သေွပွဲလမ်းညွှန်တာ ပါဘုရား)။

အဲဒါ - ဒကာကြွယ်တို့ကလဲ အခုတော့ သေပွဲဆိုတာ မရဏမို့ ဒုက္ခသစ္စ . . . (မှန်လှပါဘုရား) အဲဒီဒုက္ခသစ္စာ သေပွဲ အနွဲခိုင်းတဲ့ဥစ္စာ ဒကာကြွယ်တို့က ပြုံးပြုံးရွှင်ရွှင်နဲ့များ ဒီအလုပ် လုပ်ယူဦးမယ်ဆိုလို့ရှိရင်ဖြင့် ဦးဘအုန်း ဒကာကြွယ်ဟာ လူလိမ္မာ ထဲသွင်းလို့မရဘူး . . . (မရပါဘုရား)။

ဒါ - ဒကာကြွယ်တစ်ယောက်သာမဟုတ်ပါဘူး၊ အားလုံး လဲ ဒီအတိုင်းပဲဆုံးဖြတ်ချက်ချပါ . . . (မှန်လှပါဘုရား) သေပွဲ သွားရတဲ့အလုပ်ဟာ ဝမ်းမြောက်စရာလားလို့ မေးလို့ရှိရင် မောင် ဘသော်တို့ ဘယ့်နှယ်ဖြေကြမလဲ . . . (ဝမ်းမြောက်စရာ မဟုတ် ပါဘုရား) သေပွဲသွားတဲ့အလုပ်ဟာ ဘယ်နည်းနဲ့မှ ဝမ်းမြောက် စရာမရှိဘူး . . . (မှန်ပါ့ဘုရား)။

အဲဒီတော့ ဒကာကြွယ်တို့ ဦးလှဘူးတို့က မယောင်ကြ နဲ့တော့ (မှန်ပါ့) မယောင်ပါနဲ့တော့လို့ သတိပေးလိုက်တယ်နော် . . . (မှန်ပါ့) ရခဲတဲ့ဘဝမှာ အင်မတန်ကြဲပြီး 'သဒ္ဓမ္မသဝနံ အတိဒုလ္လဘံ' ဆိုတဲ့အတိုင်း သစ္စာတရားတွေနဲ့ နာခဲ့ရတဲ့ ဘာဝနာရပြီဆိုမှဖြင့် ဒီအထဲမှာ သစ္စာမကိုက်တာတွေ ဒကာ

http://www.thitsarparamisociety.com/



ကြွယ်တို့က သွားပြီး ယူဦးမယ်ဆိုလို့ရှိရင်ဖြင့် . . . တဲ့၊ နိရောဓ သစ္စာဆိုတဲ့ နိဗ္ဗာန်တစ်ခုသာလျှင် မအိုရာ, မနာရာ, မသေရာရှိ ပါတယ်၊ ကျန်တာတွေက အိုတာ, နာတာ, သေတာချည်းပဲလို့ ဆုံးဖြတ်ချက်ချပါ . . . (မှန်ပါ့ဘုရား)။

တော်တော်ကြာ ရောတ်တဲ့နေရာကျမှ အို . . . ကိုယ် ကျိုးနည်းပြန်ပြီ၊ နတ်ဘဝရောက်တယ်ဆိုလို့ရှိရင်ဖြင့် နတ်ဟာ . . . ဒကာကြွယ် သေခြင်းဆိုးလို့မှတ်ပါ . . . (မှန်ပါ့) ဦးဘအုန်း နတ်ဟာ သေခြင်းဆိုး . . . (မှန်ပါ့ဘုရား)။

## နတ်ဆိုတာ

နတ်ဟာသေခြင်းဆိုးဆိုတော့ ဒကာဒကာမတွေကို ရှင်းပြပါမယ်နော် . . . (မှန်ပါ့) နတ်ဆိုတာက နဂိုကမ်းခိုးမျိုးလို အခိုးရုပ်လို့မှတ်ထားစမ်းပါ . . . (မှန်ပါ့) အခိုးတွေရုပ်ဖြစ်နေ တာလို့ မှတ်ထားစမ်းပါ . . . (မှန်ပါ့)။

အခိုးတွေ ရုပ်ဖြစ်နေတာလို့ ဒီအထဲမှာ လောဘပါတယ်၊ ဒေါသပါတယ်၊ မောဟပါတယ် မီးတွေက အခိုးရုပ်ကို လောဘ မီးက လောင်လိုက်၊ ဒေါသမီးကလောင်လိုက်၊ မောဟမီးက လောင်လိုက်လို့ရှိရင် အလောင်းတောင် ရှာမတွေ့ဘူး . . . (မှန်ပါ့ဘုရား)။

နတ်များ လောဘခက်ထန်လာပြီ၊ ဒေါသခက်ထန်လာပြီ

http://www.thitsarparamisociety.com/



မောဟခက်ထန်လာပြီ . . . ဆိုရင် မီးသုံးခုက အတွင်းကနေ လောင်လိုက်တာ မောင်ဘသော် . . . နဂိုက အခိုးရုပ် ဆိုတာ အထည်မှမရှိဘဲ . . . (မှန်ပါ့ဘုရား)။

အဲဒီ အထည်မရှိတဲ့ရုပ်ကို တစ်ခါတည်း ပြင်းထန်တဲ့ မီးနဲ့သွားတွေ့ရင် ဦးဘအုန်း ဘယ်လိုစဉ်းစားမလဲ (ပျောက်သွားပါတယ်) ပျောက်သွားပါတယ်။

ဒါကြောင့် နတ်မှာမှတ်ကြစမ်းပါ၊ မှတ်ကြစမ်းပါ - ဒကာ ဒကာမတို့ အလောင်းချစရာ နေရာမရှိဘူး . . . (မှန်ပါ့)။

လူကမှ အလောင်းကျန်နေသေးတယ်၊ လူသေတယ် ဆိုရင်ဘယ်ပို့၊ ညာပို့၊ ဘယ်သုသာန်၊ ညာသုသာန်နဲ့ ဒီလို ပို့စရာ အထည်ကလေးကျန်တယ် . . . (မှန်ပါ့) နတ်ကတော့ အထည် ကို မကျန်ဘူး . . . (မှန်ပါ့)။

ဒါဖြင့် ဒကာဒကာမတို့ ဒါလောက်တောင် နုတဲ့ရုပ်ကို ဒါလောက်တောင် ပြင်းထန်တဲ့မီးနဲ့ တွေ့သွားမယ်ဆိုရင်ဖြင့် ဦးဘအုန်းက စဉ်းစားပါ၊ ဩော် . . . အသေဟာ တို့ထက် ပြင်းထန်ပါကလားဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ် ဘုရား) မပြင်းထန်ဘူးလား . . . (ပြင်းထန်ပါတယ်ဘုရား)။

ဒါဖြင့် နတ်ဆုတောင်းတဲ့ပုဂ္ဂိုလ် အသေဆိုး သေချင်လို့ (မှန်ပါ့) ဖြဟ္မာဆုဆိုတော့ ဒီထက်နုတယ် ရုပ်သွားဖြစ်ပြီး သေ တယ် . . . (မှန်လှပါဘုရား)။

http://www.thitsarparamisociety.com/



# ဖြဟ္မာဆိုတာ

ဖြဟ္မာဟာ တိုတိုပြောပါမယ် ဒကာဒကာမတို့ သတိထားနားထောင်ပါ၊ ဖြဟ္မာတစ်ယောက် လူ့ပြည်ဆင်းလာတယ်ဆိုလို့ရှိရင်ဖြင့် တစ်ခါတည်း တန်ခိုးနဲ့ ခိုင်ခံ့အောင် သူ့ရုပ်ကို သူမဖန်ဆင်းတော့ဘူးဆိုရင် ထိုင်ရင်း မြေကြီးထဲ ပျောက်သွားတယ် (မှန်ပါ့) မြေကြီးကြားတွေထဲမှာ သူ့အသားအရိုးတွေ အကုန်ဝင်သွားတယ် ...(မှန်ပါ့) ဘယ်လောက် နုတယ်ဆိုတာတော့ ဒကာဒကာမတွေ ပြောဖို့ လိုသေးသလား ...(မလိုပါဘုရား) ထိုင်လို့ကို မဖြစ်ဘူး ...(မှန်ပါ့)။

ထိုင်လို့ကို မဖြစ်နိုင်တာက ဘာဖြစ်လို့တုံးဆိုတာဦးဘအုန်း ရုပ်တွေနုလွန်းလို့ ...(မှန်ပါ့) မြေကြီးတွေ ကြားတွေထဲကွာ သူ့ရုပ်တွေက အကုန်ဝင်သွားတယ် ...(မှန်ပါ့)။

ဒကာကြွယ် ဘယ်လောက်ကြောက်စရာ ကောင်းသလဲ ...(ကောင်းပါတယ်ဘုရား) အဲဒီထဲ လောဘ, ဒေါသ, မောဟတွေက လူတို့မှာရှိလျက်ဖြစ်နေတော့ ဒါတွေကထ,ပြီး လိုက်တဲ့အခါကျတော့ကိုတဲ့ သူတို့လဲ ပြောတာပဲ နတ်ထက် မြန်သွားသေးတယ် ...(မှန်ပါ့)။

ဒါဖြင့် သူတို့လဲ သေခြင်းဆိုးပဲ ...ဆိုတဲ့ဥစ္စာ ယခုဒကာကြွယ်တို့ကို ရှင်းပြပါပြီ ...(မှန်လှပါ) နတ်ဖြစ်ချင်တာ သေခြင်းဆိုး သေချင်လို့ ...(မှန်လှပါ) ဖြဟ္မာဖြစ်ချင်လဲ ...(သေခြင်းဆိုး သေချင်လို့ပါဘုရား)။

ဒီလိုမသိတော့ နတ်ဖြစ်ကောင်းနိုးနိုး၊ ဗြဟ္မာဖြစ်ကောင်းနိုးနိုး . . . (မှန်ပါ့) စင်စစ်အခုလို သူတို့ အခိုးရုပ်တွေကို လောဘ, ဒေါသ, မောဟကတော့ ပုထုဇဉ် နတ်တွေကလဲ ရှိတာပဲ . . . (မှန်ပါ့) ရှိလို့ တစ်ယောက်နဲ့တစ်ယောက် ဂုဏ်ပြိုင်တယ်၊ အင်း . . . အခြံအရံပြိုင်ကြ, အရောင်အဆင်းတွေပြိုင်ကြနဲ့ ဒေါသများဖြစ်လို့ နှစ်ယောက်များ ကြည့်လိုက်ရင် နှစ်ယောက်စလုံး ပြာကျတယ် . . . (မှန်ပါ့) သိပ်ကြောက်စရာ ကောင်းပါလား . . . (ကောင်းပါတယ်ဘုရား)။

အဲဒါကြောင့် ဘုန်းကြီးက ဒကာဒကာမတွေ အသေဆိုးသေချင်လို့ရှိရင် နတ်ဆုတောင်း၊ ဗြဟ္မာဆုတောင်း . . . (မှန်လှပါဘုရား) ဘာတောင်းတာလို့ ဆိုကြမလဲ (အသေဆိုး သေချင်လို့ဆုတောင်းတာပါ) အသေဆိုးတောင်းတာ အဓိပ္ပာယ်မရဘူးလား . . . (မှန်ပါ့) မသိသေးတော့ သူများ ပြောသံကြားနဲ့ ဘုန်းကြီးတို့ဒကာဒကာမတွေက ဆရာသမား မှန်မှန်မြတ်မြတ် ပြောတတ်တဲ့ပုဂ္ဂိုလ် မတွေ့သေးတော့ ဦးဘအုန်းတို့ရေ နတ်ပြည်မှာပဒေသာပင်တွေ ဥယျာဉ်တွေနဲ့ ချောလိုက်တာ၊ လှလိုက်တာလွန်လို့ အစားအသောက်ဆိုတာလဲ အင်မတန်ပေါ့။

မသွားဘူးလို့လဲ မဟုတ်ပါဘူးနော် (မှန်ပါ့) သွားတယ်တဲ့၊ သွားပေမယ့်လဲ ဒီရုပ်တွေက ခိုင်ခဲ့တဲ့ရုပ်လား၊ မခိုင်ခဲ့တဲ့ ရုပ်လားစဉ်းစားပါ (မခိုင်ခဲ့တဲ့ရုပ်ပါ) မခိုင်ခဲ့တဲ့ ရုပ်မှာလဲ လောဘ, ဒေါသ,

http://www.thitsarparamisociety.com/



မောဟဆိုတဲ့ ကိလေသာမီးကလဲ လွတ်ကဲ့လား . . . (မလွတ်ပါဘုရား)။

ဒါဖြင့် ကိလေသာမီးက လောင်ချလိုက်တဲ့၊ အခါကျတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေ လူကတော့ အသားတွေ အရိုးတွေကြမ်းလို့ အလွန်ခက်တယ် (မှန်ပါ့) သူတို့က အလောင်လွယ်တယ် . . . (မှန်ပါ့)။

## အသေဆိုးနဲ့တွေ့ချင်လို့

ဒါဖြင့်ဒကာဒကာမတို့ . . . နတ်ဖြစ်ချင်လဲ အသေဆိုးနဲ့တွေ့ချင်လို့ . . . (မှန်ပါ့) ဗြဟ္မာဖြစ်ချင်လဲ . . . (အသေဆိုးတွေ့ချင်လို့ပါဘုရား)။

အင်း . . . သူများ ပြောသံကြားနဲ့ ဒကာကြွယ်တို့ကအို . . . လူ့ပြည်ထက် နတ်ပြည်သာတယ်၊ အပြောပဲ . . . (မှန်ပါ့) နတ်ပြည်ထက် ဗြဟ္မာပြည်က သာတယ်ဆိုတာ အပြော . . . (မှန်ပါ အပြောပါဘုရား)။

အဲဒီတော့ ဒီအသေမျိုးသေချင်တဲ့ သဘောမျိုးလဲ မရောက်ဘူးလား (ရောက်ပါတယ်ဘုရား) လိုချင်တဲ့ပုဂ္ဂိုလ်အတွက်မှာလေ . . . (မှန်ပါ့)။

အဲဒါကြောင့် ဘာမှမဖြစ်ချင်ပါနဲ့လို့ မီးလောင်စာဖြစ်ရင်လောင်မှာချည်းပဲ . . . (မှန်ပါ့) ဒကာဒကာမတို့ မီးလောင်စာဖြစ်ရင်ဖြင့် . . . (မီးလောင်မှာပါဘုရား)။

http://www.thitsarparamisociety.com/



ဒါဖြင့် လောင်စာသိမ်း၍ မီးငြိမ်းမှ နိဗ္ဗာန် (မှန်ပါ့ဘုရား) လောင်စာသိမ်း၍ (မီးငြိမ်းမှ နိဗ္ဗာန်ပါဘုရား) နတ်ဖြစ်တော့ လောင်စာနဲ့မီးပဲ ...(မှန်ပါ့) ဗြဟ္မာဖြစ်တော့ကော ... (လောင်စာနဲ့မီးပါဘုရား) ဦးဘအုန်း လောင်စာသိမ်း၍ မီးငြိမ်းတဲ့ နေရာဟုတ်ကဲ့လား ...(မဟုတ်ပါဘုရား)။

အဲဒါ ... ဦးဘအုန်းကြီးတို့ လူစုတွေက ကြီးလဲ ကြီးလှ ပြီဒကာကြွယ်တို့ မောင်ဘသော်တို့လဲ ကြီးကုန်ပြီ ...(မှန်ပါ့) သူများပြောသံကြားနဲ့ကောင်းနိုးနိုးဆိုတဲ့ဉစ္စာ မင်းတို့သူများ ပါးစပ်လမ်းဆုံးနေတယ် ...(မှန်ပါ့)။

အခု အသေအချာ ဆရာသမားက အစစ်အမြစ်ကို ပြောလိုက်တဲ့အခါကျတော့ ရချင်စရာ, ယူချင်စရာ ဒကာကြွယ် ... ရှိသေးရဲ့လား ...(မရှိပါဘုရား)။

ဒါ ... အခုတော့ "မရဏမ္ပိ ဒုက္ခသစ္စံ" မြင်သွားတယ် ...(မြင်ပါတယ်ဘုရား) မရဏမ္ပိ = ဖျတ်ခနဲ သေရခြင်းသည် လည်း ဒုက္ခသစ္စံ = ဒုက္ခသစ္စာပဲဆိုတာ သိသွားတယ် ... (သိပါ တယ်ဘုရား)။

လူကမှ အင်း ...ရေကလေးတိုက်လို့ ဟောလစ် ကလေး တိုက်လို့ကြာသေးတာကိုး ...(မှန်လှပါ) သူတို့ကတော့ မကြာဘူး ဖျတ်ခနဲဆို အထည်ပါပျောက်သွားတာပဲ ... (မှန်ပါ့)။

http://www.thitsarparamisociety.com/



ဖျတ်ခနဲဆို. . . (အထည်ပါ ပျောက်သွားပါတယ်ဘုရား) ဒါဖြင့် ဒကာကြွယ် အထည်ပျောက်ကြိုက်သလား . . . (မကြိုက်ပါဘုရား) မချိမဆံ့ခံ သေရတယ်ဆိုတာကော ရိပ်မိပလား . . . (ရိပ်မိပါပြီ) ထက်လှစွာသော သင်ခုန်းနဲ့ လည်ဖျား လှီးလိုက်တာကမှ ကြာသေးသကိုးဗျ . . . (မှန်ပါ) သူတို့သေရတာက ဒီလောက်ကြာရဲ့လား . . . (မကြာပါဘုရား)။

အဲဒီတော့ နတ်ဖြစ်ရပါလို၏ မြန်မြန်သေရပါလို၏ (မှန်ပါ) ဗြဟ္မာဖြစ်ရပါလို၏ (မြန်မြန်သေရပါလို၏) ဩော် ခင်ဗျားတို့ ပါးစပ်ထဲ မထည့်ကောင်းတာ ထည့်တယ် (မှန်ပါ) မထည့်ကောင်းတာ . . . (ထည့်နေပါတယ်ဘုရား) မသိလို့ထည့်နေတာ . . . (မသိလို့ပါဘုရား) ဘာမသိပါလိမ့်မတုံး မေးတော့ မရဏမှိ ဒုက္ခသစ္စံကို မသိဘူး . . . (မှန်ပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ)။

မရဏမ္ပိ ဒုက္ခသစ္စံလို့ ဘုရားက ဟောပါလျက်သားနဲ့ သေတဲ့ဒုက္ခကြီးသပေါ့ . . . သေတဲ့ဒုက္ခကြီးသပေါ့ . . . ဆိုတာ သိလျက်သားနဲ့ ဒကာဒကာမတွေက နတ်ဖြစ်ချင်တယ်ဆိုပြီး နတ်ဘဝ တောင်းလိုက်လို့ရှိရင် ဇာတိ ဒုက္ခစ, ပြီးရမယ်လို့ မနေ့က ပြောခဲ့တယ် . . . (မှန်ပါဘုရား) ဇာတိရရင် ဇရာ မရဏ ဘယ့်နှယ်တုံး . . . (ရမှာပါဘုရား)။

ဒါဖြင့် ဒကာကြွယ် ဘာစ, ဖြစ်ချင်တုံး . . . (ဘာမှ မဖြစ်

http://www.thitsarparamisociety.com/



ချင်ပါဘုရား) ဖြစ်ရင်တော့ဖြင့် အိုမှု, သေမှုနဲ့ မီးလောင်မှုက တော့ဖြင့် မရှောင်သာမလွှဲသာ ခံရဦးမယ်ဆိုတာ ပေါ်ပါပြီ (ပေါ် ပါပြီဘုရား)။

## ဘာမှမဖြစ်ချင်ပါနဲ့

ဦးဘံအုန်း ဘာများဖြစ်ချင်သေးသတုံး . . . (ဘာမှမဖြစ် ချင်ပါဘုရား) ဖြစ်ချင်သေးလို့ရှိရင်ဖြင့် လောင်မီး, လောင်စာ ဖြစ်ရပါလို၏ ဆိုတာနဲ့ အတူတူပဲ . . . (မှန်ပါ့ဘုရား) လောင် မီးရယ်၊ လောင်စာရယ်ဖြစ်ရပါလို၏ . . . (ဆိုတာနဲ့ အတူတူပါပဲ) ဖြစ်ချင်တဲ့ပုဂ္ဂိုလ်မှန်က ဒါပဲရမယ် . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား) နောက်က ဒကာဒကာမတွေ . . . ဘာများ ဖြစ်ချင်ကြသတုံး . . (ဘာမှမဖြစ်ချင်ပါဘုရား)။

ဘာမှမဖြစ်ချင်နဲ့ . . . လောင်စာသိမ်း၍ မီးငြိမ်းတဲ့ နိဗ္ဗာန် ကိုသာလျှင် အရောက်သွားနိုင်ရပါလို၏ . . . (မှန်ပါ့ဘုရား) ဒါပဲ ကောင်းတော့တယ် . . . (မှန်ပါ့ဘုရား)။

နို့မဟုတ်ရင် . . . မျက်စိလည်ပြီးသကာလ သူများပြော သံကြားနဲ့ ဒကာကြွယ် မယောင်နဲ့ . . . (မှန်ပါ့) အဲဒီ ပြောသံ ကြားနဲ့ ယောင်ပြီဆိုမှဖြင့် ကိုယ်ယောင်တာက ဘာတုံးလို့ဆိုလို့ ရှိရင် မသိလို့ယောင်တာ . . . (မှန်ပါ့)။

http://www.thitsarparamisociety.com/



မသိတာက ဘယ်သူတုံး မေးတဲ့အခါကျတော့ ခင်ဗျားတို့ ပဋိစ္စသမုပ္ပါဒ်က သက်သေခံတယ် . . . (မှန်ပါ့) မသိတာဟာသူပဲ (မှန်ပါ့) ခင်ဗျားတို့ နတ်ပြည်တောင်းတာဟာ ဘယ်သူနဲ့တောင်းတာတုံး . . . (အဝိဇ္ဇာနဲ့ တောင်းတာပါဘုရား)။

ကဲ . . . အဝိဇ္ဇာက ဒကာဒကာမတို့ ဘာမသိတာတုံး . . . (ဒုက္ခသစ္စာမသိတာပါဘုရား)လေးပါးစလုံး ဆိုလိုက်ပါတော့ (မှန်ပါ့) ဘာကိုမသိတာတုံး (သစ္စာလေးပါး မသိတာပါဘုရား) မသိတဲ့လူက အတောင်းခိုင်းတာကို ခင်ဗျားတို့က နိဗ္ဗာန်လဲသူမသိလို့ မသွားပါဘူးဗျ . . . (မှန်ပါ့) ဒုက္ခသစ္စာလဲ သူမသိလို့တောင်းပါသတဲ့ . . . (မှန်ပါ့)။

ဒါတွေ . . ခင်ဗျားတို့က တောင်းကြမယ်ဆိုလို့ရှိရင်ဖြင့်သူအတောင်းခိုင်းတဲ့ အရှင်သခင်က သူတော်ကောင်းလား သူယုတ်မာလား ကြည့်ပါဦး (သူယုတ်မာပါဘုရား) ဘာတွေ့လို့ . . . သူယုတ်မာလို့ ပြောကြသတုံး . . . (အဝိဇ္ဇာပါဘုရား)။

ဩော် . . . အဝိဇ္ဇာ. . . အဝိဇ္ဇာ. . . (မှန်ပါ့) ဒကာကြွယ် ကဲ . . . ပါးစပ်ထဲထည့်ရတာသူက အထည့်ခိုင်းတာ (မှန်လှပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီ) ဘယ်သူက အထည့်ခိုင်းတာတုံး . . . (အဝိဇ္ဇာကပါဘုရား)။

အဝိဇ္ဇာက ခင်ဗျားတို့ ကျေးဇူးရှင်လား၊ ခင်ဗျားတို့ ဒုက္ခရောက်တာ ကြိုက်တာလား (ဒုက္ခရောက်တာ ကြိုက်တာပါ)။

http://www.thitsarparamisociety.com/



နို့ . . . သူ့စကားနားထောင်ရင် ဒုက္ခရောက်မှ ရောက်ပါ့မလားလို့ သံသယရှိဖို့ လိုသေးသလား . . . (မလိုပါဘုရား)။

## အဝိဇ္ဇာစကား နားမထောင်ကြနဲ့

အဲဒါ နားမထောင်ကြနဲ့ဗျ . . . အခု ဆရာသမားရှိတုံးသာ ပြောနိုင်တာ . . . (မှန်ပါ့ဘုရား) ဒီလို ဆရာသမားတွေ ကွယ်လွန်ပြီးသကာလ သွားတော့မယ်ဆိုရင်ဖြင့် သူခိုင်းတာကို အကုန်ကျွန်သပေါက်လုပ်ပြီး သကာလ တောင်းနေမှာပဲ . . . (မှန်လှပါဘုရား) မတောင်းပေဘူးလား . . . (တောင်းပါတယ်ဘုရား)။

တောင်းရင်တော့ ဒါတောင်းရင် သူကစ, လိုက်တာ ဒီမှာ, ဇာတိ, ဇရာ, မရဏတွင် အဝိုင်းကြီးဆက်ပြီး ဒီလာလမ်းဆုံးတယ် . . . (မှန်ပါ့ဘုရား) သူကစ, လုပ်လိုက်တာ၊ ဇာတိ, ဇရာ မရဏလမ်း မဆုံးဘူးလား . . . (ဆုံးပါတယ်ဘုရား)။

ဆုံးတော့ ဝိပါကဝဋ်အစစ်ပါ . . . တဲ့၊ မင်းတို့ ဝဋ်သင့်တာတဲ့ (မှန်ပါ့ဘုရား) ဆိုတော့ ဝိပါက, က ဝဋ်ရှစ်ပါး ပါနေပါတယ် (ပါနေပါတယ်ဘုရား) မပါဘူးလား (ပါ-ပါတယ်ဘုရား) ဒီက ငါးခု၊ ဒီက သုံးခုဗျာ . . . (မှန်ပါ့)။

ဘာရှစ်ပါးတဲ့တုံး . . . (ဝိပါကဝဋ်ရှစ်ပါးပါဘုရား) ဟ . . . အနာဂတ်အကျိုးအခြင်းအရာ၊ အနာဂတ်ကို မင်းတို့ ဒါတွေ

http://www.thitsarparamisociety.com/



ရမယ်ပြောတာ . . . (မှန်ပါ့) ၄-နံပါတ်ရမယ်၊ သူ့စကား နားထောင်ရင် ၄-နံပါတ်ရမယ် . . . (မှန်ပါ့) ၄-နံပါတ် ဇာတိ ဇရာ မရဏ . . . (မှန်ပါ့ဘုရား) ၄-နံပါတ်က . . . (ဇာတိ၊ ဇရာ၊ မရဏပါဘုရား) ကြည့် ဘာသစ္စာတုံး . . (ဒုက္ခသစ္စာပါဘုရား)။

ကဲ . . . ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား) ဒီဒုက္ခ သစ္စာရလေသမျှ ဒကာကြွယ် ဘယ်သူ့စကားနားထောင်လို့တုံး . . . (အဝိဇ္ဇာစကား နားထောင်လို့ပါဘုရား) အင်း . . . သူ့ စကား နားထောင်လို့ ဒုက္ခသစ္စာဖြစ်တာ . . . (မှန်ပါ့ဘုရား)။

သူ့စကား နားထောင်လို့ (ဒုက္ခသစ္စာဖြစ်ပါတယ်ဘုရား) ဒါပြင့် ခင်ဗျားတို့သည် ယနေ့ကစပြီး မင်းကိုတော့ နားမထောင် တော့ဘူးဟော့ မျက်လုံးဖွင့်ပေးမယ့်လူလဲ တွေ့ပြီ (မှန်ပါ့) မင့် နားထောင်နေခြင်းကြောင့် ငါတို့သည်ကားလို့ဆိုရင် တစ်သံသရာ လုံး သေပွဲချည်း မင်း-တွန်းနေတာ (မှန်ပါ့ဘုရား)။

မရှုမလှုသေပွဲချည့် မင်းတွန်းချနေတာ အခုတို့ကို မျက် မြင်ကို ပြပြီဟော့ . . ပြောသံကြားနဲ့ မဟုတ်တော့ဘူး (မှန်ပါ့ ဘုရား)။

ဒီလို ဒကာကြွယ်တို့ တစ်ခါတည်း သူ့ကိုတွန်းလှန်ပစ်ပါ (မှန်ပါ့ဘုရား) မင်းကတောင်းဆို မတောင်းဘူးကွာ (မှန်ပါ့) မဲတောင်းဘူးဟော့ ဘာဖြစ်လို့ မတောင်းသတုံး မင်းလုပ်ထားတဲ့ အထည်ကြီးတွေ့ပြီကွ၊ ဝိပါကဝဋ်တဲ့ကွ (မှန်ပါ့) မဟုတ်ဘူးလား . . . (မှန်ပါ့)။

http://www.thitsarparamisociety.com/



အင်း . . . ဘာသစ္စာတုံး (ဒုက္ခသစ္စာပါဘုရား) ဝဋ်ဒုက္ခသစ္စာဆိုတော့ ဦးဘအုန်း ကောင်းသေးရဲ့လား . . . (မကောင်းပါဘုရား)။

ဒကာဒကာမတွေဘာတဲ့တုံး . . . (ဝဋ်ဒုက္ခသစ္စာပါဘုရား) ဝဋ်လဲသင့်တာကွ၊ ဒုက္ခသစ္စာလဲဖြစ်တာ . . . (မှန်ပါ)။

ဘာ့ကြောင့် ဝဋ်လဲသင့်သတုံးလို့ မေးတဲ့အခါကျတော့ ဝိပါကဝဋ်ကိုး (မှန်ပါ့ဘုရား) သူတို့က အကျိုးပေးလိုက်တာ ဒီလားပြီးဝဋ်သင့်တယ် . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒီမှာ အရှင်၊ ရှင်တုန်းက အားထုတ်၊ ဒီမှာလာသေတယ် (မှန်ပါ့ဘုရား) သဘောကျပလား . . . (ကျပါပြီ)။

ဒါဖြင့် ဒကာဒကာမတို့ ဘယ်သူ့စကားနဲ့ နားထောင်လို့ ယခုတောင် သေပွဲကြီးရှိတဲ့ဆီကို ပြေးလို့လွှားလို့ မရပ်ရသေးပါဘူး . . . (မရပ်ရသေးပါဘုရား)။

အခုကို ဒကာဒကာမတို့ မရပ်သေးဘူး . . . (မရပ်ရသေးပါဘုရား) အင်း . . ဘယ်နေ့ကျတော့ဖြင့် ငါတော့ဖြင့် ဒုက္ခရောက်ဦးမှာပဲ . . . (မှန်ပါ့ဘုရား) မသာတော့ဖြင့် လူဝိုင်းပြီး ပို့ကြဦးမှာပဲ၊ မချိမဆန့်လဲ ခံချင်ခံရဦးမှာပဲ . . . (မှန်ပါ့ဘုရား)။

အခုဒါကြီးဟာ ဘယ်သူ့စကားနားထောင်ခဲ့လို့ ဒါကြီးဆီကို အရောက်သွားနေရသတုံး (အဝိဇ္ဇာစကားနားထောင်လို့ပါဘုရား)။

http://www.thitsarparamisociety.com/



ဪော် . . . ဒီထဲက နောက်တစ်ဖန် နားထောင်ဦးမယ် ဆိုရင် ဦးဘအုန်း ဒီထက်မိုက်ပြီ . . . (မိုက်ပါပြီဘုရား) ရှိသေး ရဲ့လား (ရှိပါတယ်ဘုရား)။

အဲဒါ သေသေချာချာ ပြောနေပါတယ်၊ ဒကာဒကာမ တို့က ဘယ်မှာသွားသွားပြီးသကာလ ဆုတောင်းတာက တစ်မျိုး၊ ဆုမတောင်းဘဲနဲ့ အလုပ်လုပ်တာက တစ်မျိုး . . (မှန်ပါ့)။

မသိတော့ အကုသိုလ်တွေ လုပ်လိုက်ပြန်တယ်၊ မသိ တော့ ဒီကုသိုလ်တွေ လုပ်လိုက်ပြန်တယ် . . . (မှန်ပါ့) ဒါလဲ သူမသိလို့ လုပ်တာ . . . (မှန်ပါ့) သူမသိလို့ လုပ်တာလဲ ဒါရ တယ် (မှန်ပါ့) သူကတစ်ခါ နတ်ပြည်ရောက်ကြောင်းတွေ လုပ်ပြန်တော့လဲ ဒီမှာ အသေတွေရတယ် . . . (မှန်ပါ့) မရဘူး လား (ရပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သူဟာ အကြီးဆုံးသော ရန်သူ . . . (မှန်ပါ့) ဒကာကြွယ်တို့ နောက်က ဒကာဒကာမတို့ ဘယ်လို မှတ်ကြမယ် (အကြီးဆုံးသော ရန်သူပါဘုရား) အတွင်းရန်လား အပြင်ရန်လားမေးသော် (အတွင်းရန်ပါဘုရား) အတွင်းရန် ဝမ်းထဲကကိုး . . . (မှန်ပါ့) ဒကာကြွယ် ကဲ . . . ဘယ်လောက် ကြောက်စရာကောင်းသတုံး . . . (ကြောက်စရာပါဘုရား)။

အဝိဇ္ဇာဟာ ဒကာဒကာမတို့ ပြင်ဘက်ကနေလို့ ရှိရင်လဲ သေနတ်နဲ့ပစ်, ဟုတ်လား . . . (မှန်ပါ့) အဲဒီလိုမှ ကာကွယ်ရလို့

http://www.thitsarparamisociety.com/


ရှိရင် တော်သေးရဲ့ . . . (မှန်ပါ့) သူက အတွင်းသူအတွင်းသား အဖြစ်နဲ့ နှိပ်စက်တာ . . . (မှန်ပါ့) ဘယ်လိုဆိုကြမယ် . . . (အတွင်းသူ အတွင်းသားအဖြစ်နဲ့ နှိပ်စက်တာပါ ဘုရား)။

ဒါဖြင့် . . . အပြင်လူက နှိပ်စက်လို့ရှိရင် ရှောင်လို့ ကွင်းလို့ပြေးသာတယ် . . . (မှန်ပါ့) အတွင်းကလူက နှိပ်စက်ရင်တော့ မရဘူး . . . (မရပါဘုရား)။

## အဝိဇ္ဇာကို ဝိဇ္ဇာနဲ့သတ်

အဲဒီတော့ အတွင်းသူအတွင်းလူချင်း သတ်ပါ . . . (မှန်ပါ့) အဝိဇ္ဇာကို အဝိဇ္ဇာနဲ့သတ်လိုက် . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီ) အတွင်းကို . . . (အတွင်းလူချင်း သတ်ရပါမယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာကို ဝိဇ္ဇာနဲ့ သတ်ရမယ် (ဝိဇ္ဇာနဲ့ သတ်ရပါမယ်) ဝိဇ္ဇာဆိုတာက ခန္ဓာကြီး ဖြစ်ပျက်မြင်တာကဝိဇ္ဇာ . . . (မှန်ပါ့) ခန္ဓာကြီး ဖြစ်ပျက်မြင်တာက . . . (ဝိဇ္ဇာပါဘုရား)။

အင်း . . . သူက ကျုပ်တို့ဝမ်းထဲရောက်နေတော့ အဝိဇ္ဇာက နေခွင့်ရှိသေးရဲ့လား . . . မရှိပါဘုရား၊ အင်း . . . သူ့သတ်တာ ဒါပဲဒကာကြွယ်ရ (မှန်ပါ့) ပေါ်ကြပလား (ပေါ်ပါပြီ)။

အဲဒါ ယခု နေ့တိုင်းပဲ ဆရာဘုန်းကြီးက ဆုံးမသွန်သင်ပြီးသကာလ . . . ခင်ဗျားတို့ ဖြစ်ပျက်ရှုပါ၊ စိတ်ကလေးတွေ

http://www.thitsarparamisociety.com/



ဖြစ်ပျက်ရှုပါ-ရှုပါဆိုတာ ဦးဘဲအုန်း ရိပ်မိပလား . . . (ရိပ်မိပါပြီ) အတွင်းရန် သတ်တာ . . . (မှန်ပါ့)။

အတွင်းရန် အဝိဇ္ဇာသတ်နေတာ၊ မောဟဆိုတာလဲ သူပဲ၊ အဝိဇ္ဇာဆိုတာလဲ . . . (သူပါပဲဘုရား)။

အဲ . . သူ့ကို သေစေချင်လို့ရှိရင် ခင်ဗျားတို့ ဒါနပြု လုပ်ရုံနဲ့လဲ မသေဘူး . . . (မသေပါဘုရား) သီလဆောက်တည် ရုံနဲ့လဲ (မသေပါဘုရား) သီလဆောက်တည်ရုံနဲ့လဲ (မသေပါ ဘုရား) သမထကြိုးစားရုံနဲ့လဲ . . . (မသေပါဘုရား) မသေဘူး . . . တဲ့၊ ကဲ . . . ဘယ်လောက်ခဲယဉ်းသတုံး ဒကာကြွယ် (ခဲယဉ်းပါတယ်ဘုရား) ခန္ဓာကြီးကို အဖြစ်အပျက်မြင်မှလဲ ဝိဇ္ဇာ ကဖြစ်တယ် . . . (မှန်ပါ့) ခန္ဓာဒုက္ခသစ္စာမြင်မှလဲ . . . (ဝိဇ္ဇာ ဖြစ်ပါတယ်ဘုရား) ဝိဇ္ဇာဖြစ်မှ အဝိဇ္ဇာသေတာ . . . (မှန်ပါ့) ဝိဇ္ဇာ ဖြစ်မှ (အဝိဇ္ဇာ သေပါတယ်ဘုရား) ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် အတွင်းရန်သတ်တတ်ပလား . . . (သတ်တတ် ပါပြီ) သြော် . . ရှေးတုန်းက ဘယ်တော့မှ မသတ်ခဲ့။ သတ်နည်း လဲ ဘယ်တော့မှ မရတဲ့အတွက် ဘုန်းကြီးတို့ ဒကာဒကာမတွေ မှာ သူသတ်လို့ သေရတဲ့ဘဝဆိုတာ ဘဝပေါင်းများစွာ ရန်သူဟာ သူပဲ . . (မှန်ပါ့ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီ)။

http://www.thitsarparamisociety.com/



ဘဝပေါင်းများစွာ တစ်ခါတလေကျတော့လဲ သူများက လာသတ်တဲ့ဥစ္စာလဲ အဝိဇ္ဇာနဲ့ ဆုတောင်းလို့ သူများအသတ် ခံရတာ (မှန်ပါ့) ကိုယ့်ဟာကိုယ် ရောဂါဝေဒနာနဲ့ သေတာလဲ အဝိဇ္ဇာက ဆုတောင်းပြီး အသေခံရတာ . . . (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ)။

အဲဒီတော့ အသေထက်ကြီးတဲ့ ဒုက္ခကလဲ ဒကာကြွယ် ရှိသေးရဲ့လား . . . (မရှိပါဘုရား) အင်း - ဒါ ဘယ်သူသတ်တာ ပါလိမ့် (အဝိဇ္ဇာသတ်တာပါဘုရား)။

ကြည့်လေ . . . သူက စ,လို့ ဒါတွေဖြစ်လာတာ (မှန်ပါ့) သူကမစ, လို့ရှိရင် (မဖြစ်ပါဘုရား) ရေကြည့်ပါလား . . . တစ် နှစ်ဆိုတော့ ဒီက ငါး ဟုတ်လား (မှန်ပါ့) ဒီဘက်က သုံး၊ သုံးနဲ့ ငါး ရှစ်မနေဘူးလား (နေပါတယ်) ဆယ့်တစ်၊ ဆယ့်နှစ် ဒီဆယ့် နှစ်ကျအောင် သူလုပ်လိုက်တာ . . . (မှန်ပါ့ဘုရား) အင်္ဂါဆယ့် နှစ်ပါးဆိုတာ . . . (မှန်ပါ့) စက်ဝိုင်းကို ပြန်ကြည့်ပါ။

ခင်ဗျားတို့ စာရွက်ထဲမှာ နောက်ကျရင် အင်္ဂါဆယ့်နှစ် ပါးဆိုတာ ဒီ တစ်နှစ်၊ ဟောဒီက ငါး၊ ခုနစ်-မနေဘူးလား . . . (ခုနစ်ပါဘုရား) ဒီမှာ သုံးမရှိဘူးလား (ရှိပါတယ်) အဲ. . . ဒီက တစ်ခု၊ နှစ်ခု၊ ဇရာ, မရဏရောယူ (မှန်ပါ့) သဘောကျပလား (ကျပါပြီ) အင်္ဂါဆယ့်နှစ်ပါးဆိုတာ ဒကာဒကာမတို့ အဝိဇ္ဇာက စ,တာ . . . (မှန်ပါ့)။

http://www.thitsarparamisociety.com/



ဒါဖြင့် . . . အသေကို မကြောက်ပါနဲ့၊ အဝိဇ္ဇာမဖြစ်အောင်ကြောက်ပါ. . . (မှန်ပါ့ဘုရား) အသေကို. . . (မကြောက်ပါနဲ့) အဝိဇ္ဇာ မဖြစ်ရင် မသေဘူး . . . (မသေပါဘုရား) အဝိဇ္ဇာဖြစ်ရင် (သေမှာပါဘုရား) သေရမယ်ဆိုတာ ပေါ်ပလား(ပေါ်ပါပြီဘုရား)။

ကဲ . . . ဒီလိုသာဖြင့် ခင်ဗျားတို့ ဒီနေ့ အကြီးဆုံး ရန်သူဖမ်းပေးတယ် . . . (မှန်ပါ့ဘုရား) သူ့သတ်နည်းကိုလဲ သိပြီ . . . (မှန်ပါ့) ခန္ဓာကိုယ်ကြီးထဲမှာရှိတဲ့ ဒုက္ခသစ္စာ အဖြစ်အပျက်တွေကို မြင်လိုက်လို့ရှိရင်ဖြင့် အဝိဇ္ဇာအနား မသီတော့ဘူး . . . (မသီပါဘုရား) သူက ဒါ-မသိတာကိုးဗျ . . . (မှန်ပါ့)။

ကျုပ်တို့က ဒါသိသွားတော့ ကျုပ်တို့က ဝိဇ္ဇာဖြစ်သွားတော့ ဦးဘအုန်း နိုင်ပြီးသားဖြစ်တယ် . . . (မှန်ပါ့) သူက ဒုက္ခသစ္စာမသိဘူး . . . (မသိပါဘုရား) ကျုပ်တို့က သိလိုက်တယ် . . . (သိပါတယ်ဘုရား) သိလိုက်တော့ သိတဲ့တရားကို မသိတဲ့တရားသတ်ပစ်တယ် . . . (မှန်ပါ့) ဒီလိုဆိုတော့ အဝိဇ္ဇာ မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား)။

အဝိဇ္ဇာချုပ်ရင် သူက ဆက်တော့မှာတွေ အကုန်မချုပ်ဘူးလား (ချုပ်ပါတယ်ဘုရား) ဒါတွေတော့ မချုပ်ဘူးလား . . . (ချုပ်ပါတယ်ဘုရား) ရှင်းကြပလား . . . (ရှင်းပါပြီဘုရား)။

ဩော် . . ဒါဖြင့် ဦးဘအုန်းရေ . . . အဝိဇ္ဇာချုပ်ရင်

အရေးကြီးတယ် (အရေးကြီးပါတယ်ဘုရား) ဘာအရေးကြီး ပါလိမ့် . . . (အဝိဇ္ဇာချုပ်ဖို့ အရေးကြီးပါတယ်ဘုရား) အဝိဇ္ဇာက သူ့ဟာသူ မချုပ်ဘူး၊ သူမ, သိတဲ့နေရာကို ချုပ်တယ် . . . (မှန်ပါ့) သူမ, သိတဲ့နေရာ . . . (ကိုယ်သိရင်ချုပ်ပါတယ်ဘုရား) သူက ဘာမသိတာတုံး . . . (သစ္စာလေးပါး မသိတာပါဘုရား)။

## ခန္ဓာထဲ ဉာဏ်နဲ့သာ မြင်ပါစေ

အဲ . . . ဒီနေ့ကျတော့ ဒီလိုယူလိုက်၊ ဒုက္ခသစ္စာ သူမသိဘူး (မှန်ပါ့) ကျုပ်တို့က ဖြစ်ပျက်တာ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ) အဲ . . . သူ့ကို ဉာဏ်နဲ့သာ ခန္ဓာထဲမြင်ပေစေ၊ မြင်ရင်သူချုပ်ပြီ . . . (မှန်ပါ့) သူချုပ်လို့ရှိရင်ဖြင့် သူ့လုပ်လိုက်တော့ သူနဲ့တကွ ဆယ့်နှစ်ပါးတွေ အကုန်သွားပြီ . . . (မှန်ပါ့) မသွားသေးဘူးလား . . . (သွားပါပြီဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့ ဖြစ်ပျက်ရှုတာဟာ ဝိဇ္ဇာဖြစ်တာ (မှန်ပါ) ဖြစ်ပျက်ရှုတာဟာ . . . (ဝိဇ္ဇာဖြစ်ပါတယ်ဘုရား) အဝိဇ္ဇာက မသိတာကို . . . ဝိဇ္ဇာကသိတယ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဘာ့အရေးကြီးသလဲ (ဝိဇ္ဇာဖြစ်ဖို့ အရေးကြီးပါတယ်) ဝိဇ္ဇာဖြစ်ဖို့ သိပ်အရေးကြီးပါတယ်ဆိုတာ မပေါ်သေးဘူးလား . . . (ပေါ်ပါပြီဘုရား)။

http://www.thitsarparamisociety.com/



ဝိဇ္ဇာလဲဖြစ်ကရော သူနဲ့ပတ်သက်တဲ့ သင်္ခါရကော လာဦး မလား . . . (မလာပါဘုရား) ဒီဘက်က ငါးခုကော (မလာပါ ဘုရား) ဒီကသုံးခုကော . . . (မလာပါဘုရား) ဒီကနှစ်ခုကော (မလာပါဘုရား) ဟင် . . . ဘယ့်နှယ်ကြောင့်ပါလိမ့်မတုံး . . . (ဝိဇ္ဇာဖြစ်လို့ပါဘုရား)။

အဲ-အဝိဇ္ဇာကြောင့်ဖြစ်တဲ့တရား အဝိဇ္ဇာကို ကျုပ်တို့က မူရင်း သတ်ပစ်လိုက်တယ် . . . (မှန်ပါ့) သတ်ပစ်လိုက်တော့ ကျုပ်တို့မှာ ဒီဒုက္ခသစ္စာလဲမရှိ . . . (မရှိပါ) ဒီသမုဒယသစ္စာ (မရှိပါဘုရား) ဘာဖြစ်လို့တုံး ဒီ-သမုဒယသစ္စာချုပ်သွားတယ် . . . (မှန်ပါ့) ဒီ အဝိဇ္ဇာက သမုဒယသစ္စာ (မှန်ပါ့) ဒီသမုဒယ သစ္စာချုပ်လို့ ဒီဒုက္ခလဲမရှိ၊ ဒီသမုဒယကော . . (မရှိပါဘုရား) ဒီဒုက္ခကော (မရှိပါဘုရား)။

ဩော် . . . ဒါဖြင့် ဖြတ်တတ်တော့လဲ အလွယ်ကလေး ပါလားဆိုတာ ပေါ်လာတယ် . . . (ပေါ်လာပါတယ်ဘုရား) ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ သူမသိတာ သိအောင်လုပ် . . . (မှန်ပါ့) အဝိဇ္ဇာမသိတာကို . . . (သိအောင်လုပ်ရပါမယ်) အဝိဇ္ဇာက ဘာသိသတုံး ဒုက္ခသစ္စာမသိဘူး . . . (မှန်ပါ့ဘုရား) ခင်ဗျားတို့က ခန္ဓာကြည့်လိုက်တော့ ဖြစ်မှု၊ ပျက်မှုကလေးတွေ တွေ့တယ် . . . (မှန်ပါ့) တွေ့တော့ ဘာသစ္စာတုံး (ဒုက္ခသစ္စာ ပါဘုရား)။

http://www.thitsarparamisociety.com/



ဟာ . . . ဒါဖြင့် ဒကာကြွယ်ကပဲ ဉာဏ်ပိုင်ပိုင်နဲ့ စဉ်းစားလိုက်တော့ ဩော် . . . သူမရှိဘူးဘုရာ့ . . . (မှန်ပါ့) ဘာကြောင့်တုံး သူမသိတာ တပည့်တော်သိပြီ . . . (မှန်ပါ့)။

သူမသိတာ တပည့်တော်တို့က သိတယ်ဆိုတော့ ကျုပ်တို့ က ဝိဇ္ဇာဖြစ်တယ် . . . (မှန်ပါ့ဘုရား) မဖြစ်သေးဘူးလား . . . (ဖြစ်ပါတယ်ဘုရား)။

အဲဒီတော့ အဝိဇ္ဇာချုပ်သော် သင်္ခါရချုပ်တယ် . . . (ချုပ်ပါတယ်) ဝိညာဏ်နာမ်ရုပ်တွေ . . . (ချုပ်ပါတယ်ဘုရား) တဏှာ, ဥပါဒါန်ကော . . . (ချုပ်ပါတယ်) ဇာတိ, ဇရာ, မရဏကော . . . (ချုပ်ပါတယ်) သဘောပါပလား . . . (ပါ-ပါပြီ) သူများပြောလား. . . မျက်မြင်လား (မျက်မြင်ပါဘုရား) မျက်မြင်အကဲခတ်လို့မှ ခင်ဗျားတို့က အဝိဇ္ဇာချုပ်အောင် မလုပ်ချင်ဘူးဆိုရင် သေချင်သေးလို့ပဲ (မှန်ပါ့) အဝိဇ္ဇာချုပ်အောင် မလုပ်ချင်တဲ့ပုဂ္ဂိုလ်ဟာ . . (သေချင်သေးလို့ပါဘုရား)။

သေချင်တာမှ မောင်ဘသော်ရဲ့ တစ်ချီတည်း သေချင်တာမဟုတ်ဘူး . . . (မှန်ပါ့) အဖန်ဖန်သေချင်သေးလို့ . . . (မှန်လှပါဘုရား) ဘယ့်နှယ်ပြောကြမယ် . . (အဖန်ဖန်သေချင်သေးလို့ပါဘုရား)။

ဒါဖြင့် အဖန်ဖန်မသေချင်ရင် အဖန်ဖန်သားသမီးနဲ့

http://www.thitsarparamisociety.com/



မခွဲချင်ရင် အဖန်ဖန် ငရဲမကျချင်ရင်ဆိုရင် ဒကာကြွယ် . . . ဘာချုပ်အောင် လုပ်ရမလဲ (အဝိဇ္ဇာချုပ်အောင် လုပ်ရပါမယ်ဘုရား)။

ကဲ . . ဒကာကြွယ် လုပ်တတ်ပလား (လုပ်တတ်ပါပြီ) ခန္ဓာကိုယ် ဖြစ်ပျက်ရှုလိုက်တော့ကို ဘယ့်နှယ်နေသလဲ (အဝိဇ္ဇာချုပ်ပါတယ်ဘုရား) အဝိဇ္ဇာချုပ်သွားတယ်၊ ဘာဖြစ်လို့ ချုပ်သတုံးဆိုတော့ အို . . . အဝိဇ္ဇာမသိတဲ့နေရာမှာ တပည့်တော်တို့က ဝိဇ္ဇာသိသကိုး . . . (မှန်ပါ့ဘုရား)။

အဝိဇ္ဇာမသိတဲ့နေရာမှာ . . . (ဝိဇ္ဇာသိပါတယ်ဘုရား) ဝိဇ္ဇာကသိတယ်ဆိုတော့ သက်သေခံကော ဦးဘအုန်း လုံလောက်ပလား . . . (လုံလောက်ပါပြီဘုရား) မသိတဲ့နေရာ အဝိဇ္ဇာမသိတဲ့နေရာမှာ ကျုပ်တို့ ဆရာကောင်းသမားကောင်းဆီကနည်းရလို့ ဝိဇ္ဇာရပြီးသိလိုက်တယ် (မှန်ပါ့) သိလိုက်တယ် ဆိုကတည်းက သူမချုပ်ချင်လို့ နေနိုင်သေးရဲ့လား . . . (မနေနိုင်ပါဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီ)။

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေ လက်နက်ကောင်းဖြင့်ရပြီ (ရပါပြီဘုရား) ဘယ်လောက်ကောင်းတဲ့ လက်နက်လဲလို့မေးတော့မှ အသေလွှတ်တဲ့ လက်နက်ရတယ် (မှန်ပါ့) ဘယ်လောက်ကောင်းတဲ့ လက်နက်ဆိုတာ သိပလား . . . (သိပါပြီဘုရား) ဘာလက်နက်တုန်း . . . (အသေလွှတ်တဲ့ လက်နက်ပါ

http://www.thitsarparamisociety.com/



ဘုရား) အသေလွှတ်ဆိုကတည်းက ဒီအအိုကော (လွှတ်ပါတယ် ဘုရား) ဒီပဋိသန္ဓေနေမှုကော (လွှတ်ပါတယ်) ဒီကံတွေကော (လွှတ်ပါတယ်ဘုရား) ဒီတဏှာ, ဥပါဒါန်, ကလေးတွေကော . . . (လွှတ်ပါတယ်ဘုရား) ဒီဒုက္ခသစ္စာတွေကော (လွှတ်ပါ တယ်) ရှင်းပလား . . . (ရှင်းပါပြီ)။

ဒါဖြင့် သူက မဂ္ဂသစ္စာ (မှန်ပါ့) ဒီအဝိဇ္ဇာချုပ်သွားတော့ သူဘာဖြစ်သွားသတုံး (မဂ္ဂသစ္စာ ဖြစ်သွားပါတယ်) သူ့ကို သမုဒယသစ္စာမရေးနဲ့တော့ (မှန်ပါ့) ဒကာကြွယ် သူချုပ်သွားတာ နဲ့ သူ့ကို ဘာရေးမလဲ . . . (မဂ္ဂသစ္စာရေးရပါမယ်ဘုရား)။

မဂ္ဂသစ္စာရေးလိုက်တော့ကို ဒီဘက်က ဒုက္ခတွေ မချုပ် ဘူးလား . . . (ချုပ်ပါတယ်) အဲ-သူ့ကို နိရောဓသစ္စာရေး (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ)။

အဝိဇ္ဇာကို ဝိဇ္ဇာဖြစ်အောင် လုပ်နိုင်တဲ့ပုဂ္ဂိုလ်ကျတော့ ဒီနေရာမှာ ဘာရေးမတုံး . . . (မဂ္ဂရေးပါမယ်) ဒီနေရာမှာ ဘာ ရေးမတုံး . . . (နိရောဓရေးပါ့မယ်) အကုန်ပြောင်းသွားတယ် . . . (မှန်ပါ့) ဦးဘအုန်း ပြောင်းသွားတယ် . . . (ပြောင်းသွား ပါတယ်ဘုရား)။

၁-နံပါတ်က မဂ္ဂသစ္စာ . . . (မှန်ပါ့) ၂-နံပါတ်က နိရောဓ သစ္စာ . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီ) ရှင်းပြီ . . . (ရှင်းပါပြီဘုရား) တစ်ခါ ဒီဥစ္စာသိပြန်တော့လဲ . . .

http://www.thitsarparamisociety.com/



ပဒီတဲ့ပုဂ္ဂိုလ်ကျတော့ သူ့ကို ဘာရေးမတုံး (မဂ္ဂသစ္စာရေးပါမယ် ဘုရား) ဒီ အဝိဇ္ဇာချုပ်သကိုးဗျ . . . (မှန်ပါ့) ဒီအထဲ အဝိဇ္ဇာ က ပါနေတယ် (မှန်ပါ့) ဒါ ဘာသစ္စာရေးမလဲ . . . (နိရောဓပါ ဘုရား) အဲဒီတော့ မဂ္ဂနဲ့ နိရောဓချည်း ဖြစ်နေတယ် . . . (မှန်ပါ့) ဒကာကြွယ် ဒါက အလုပ်သဘောပါတဲ့ ပုဂ္ဂိုလ်အတွက်မှာဖြင့် အလွန်ကျေးဇူးများပြီကော (များပါတယ်ဘုရား) အအိုဇာတ်သိမ်း၊ အနာဇာတ်သိမ်း၊ အသေဇာတ်သိမ်း၊ သားမွေးမှု၊ မယားမွေးမှု၊ သားကျွန်, မယားကျွန်ခံမှု အလုံးစုံအကုန် ဘာဖြစ်သွားသတုံး . . . (ဇာတ်သိမ်းပါတယ်ဘုရား)။

ဘာဖြစ်လို့တုံး . . . ဘယ်သူက သိမ်းပေးသတုံးလို့ မေးလို့ရှိရင် အို . . . အဝိဇ္ဇာသိမ်းလို့သိမ်းတာ . . . (မှန်ပါ့ဘုရား) ဘယ့်နှယ်ဆိုကြမလဲ . . . (အဝိဇ္ဇာသိမ်းလို့ သိမ်းတာပါဘုရား) ဦးဘအုန်းရေ . . . ဒီအတိုင်း ဘုရားရှေ့ ဆုတောင်းနေလို့ အရှင်ဘုရား ဒုက္ခသိမ်း ငြိမ်းတဲ့နိဗ္ဗာန်ကြီး မြန်မြန်ကြီးရောက်ရပါလို၏ . . . လို့ တောင်းပင်တောင်းငြားသော်လဲ သူကလဲ ဝမ်းထဲမချုပ်လို့ရှိရင် နေရမှာပဲ . . . (မှန်ပါ့) ဒုက္ခပဲရမှာပဲ . . . (မှန်ပါ့ဘုရား) သူက ဝမ်းထဲချုပ်သွားရင်တော့ဖြင့် မတောင်းနဲ့တော့ . . . (မှန်ပါ့)။

မတောင်းနဲ့တော့ ခင်ဗျားတို့ မြန်မြန်ကြီးရပြီလို့ ဆုံးဖြတ်

http://www.thitsarparamisociety.com/



ချက်သာချလိုက်ပါတော့ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဖြစ်ပျက်လိုက်လို့ရှိရင် ဉာဏ်ဟာ ဘာဖြစ်သတုံး (ဝိဇ္ဇာဖြစ်ပါတယ်ဘုရား) ဝိဇ္ဇာဉာဏ်ဖြစ်တယ် . . . (မှန်လှပါဘုရား) ဖြစ်ပျက်ရှုလိုက်လို့ရှိရင် (ဝိဇ္ဇာဉာဏ်ဖြစ်ပါတယ်) ဖြစ်ပျက်မုန်းတဲ့ ဉာဏ်ဟာလဲ ဘာဉာဏ်တုံး . . . (နိဗ္ဗိန္ဒဉာဏ်ပါဘုရား) ဝိဇ္ဇာဉာဏ်ပဲ ဖြစ်ပျက်အဆုံးမြင်တဲ့ ဉာဏ်ကော (ဝိဇ္ဇာဉာဏ်ပါဘုရား) အဲ . . . ဝိဇ္ဇာချည်းပဲ ဒကာကြွယ်ရ . . . (မှန်ပါ့ဘုရား) သဘောပါကြပလား . . . (ပါ-ပါပြီဘုရား)။

## နတ်ပြည်မှာလဲ ဥပဒေရှိ

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ . . . ရှေးတုန်းကတော့ဖြင့် ကယ်မည့်လူ ယူမည့်လူရှာတာ လွဲနေပြီ (လွဲပါတယ်ဘုရား) ဩော် . . လူ့ ဘဝမို့ မင်းက နှိပ်စက်၊ သူခိုးက နှိပ်စက်၊ ဓားပြကနှိပ်စက်၊ လူလိမ်, လူကောက်မဟွက နှိပ်စက်၊ ဥပဒေတွေကလဲ ချုပ်ချယ်လိုက်တာ (မှန်လှပါဘုရား) နတ်ပြည်များ သွားနေရင် လွတ်မလားဆိုပြီး ချမ်းသာရှာလိုက်တော့ နတ်ပြည်ကျတော့လဲ ဒီဥပဒေက ရှိလျက်ပဲ . . . (ရှိလျက်ပါဘုရား) ရှိလျက်ပဲ၊ တန်ခိုးကြီးတဲ့နတ်က တန်ခိုးမကြီးတဲ့ နတ်ကိုနိုင်တာပဲ . . . (မှန်ပါ့) မလွတ်ဘူးနော် . . . (မလွတ်ပါဘုရား)။

http://www.thitsarparamisociety.com/



ဖြဟ္မာပြည်သွားပြန်တော့လဲ ဖြဟ္မာကြီးတွေ အခြံအရံ သွားဖြစ်၊ သူစေရာသွား၊ သူခိုင်းရာလုပ်ဆိုတော့ အင်း . . . ချမ်းသာရှာလိုက်တော့ ချမ်းသာမတွေ့ဘူး . . (မတွေ့ပါဘုရား)။

ဒါဖြင့် ရှေ့တုန်းက ဒီလိုပဲ ချမ်းသာရှာပေမယ့် ချမ်းသာမတွေ့တာချည်းပဲ (မတွေ့တာချည်းပါဘုရား) အခုတော့ဖြင့် ဒီဒကာဒကာမတွေမှာ ချမ်းသာရှာလို့ရှိရင် ချမ်းသာတွေ့ပါပြီ . . . (တွေ့ပါပြီဘုရား) သဘောကျပလား . . . (ကျပါပြီဘုရား)။

အခုတစ်ချို့မှာ ဥပမာသူပုန်နယ်ထဲမှာ ရှိတယ်၊ ကော့ကရိတ်တို့လို ဘာတို့လိုကျတော့ ဩော် . . . တစ်ခါတည်း ရန်ကုန်ဆီ သွားနေရင် ဘယ်လောက်များ အေးမတုံးတဲ့ (မှန်ပါ့ဘုရား)။

ရန်ကုန်ကျတော့ မြူနီစီပါယ်ခွန်တွေနဲ့ အမျိုးမျိုးအခွန်တွေနဲ့ဆိုတော့ ကိုယ့်မှာ ပေးစရာမရှိရင် အို . . . ဒီမှာလဲ ဆင်းရဲတာပဲကိုး . . . (မှန်ပါ့ဘုရား) မလာပေဘူးလား . . . (လာမှာပါဘုရား)။

အင်း . . . ဒါနဲ့ တောရွာပြေးပါတော့မယ်ဆိုတော့ တောရွာကျပြန်တော့လဲ ထို့အတူပဲ ဒကာဒကာမတို့ ငွေရှားပါးတဲ့ အရပ်ရောက်သွားတော့ ရှားပါးတဲ့ဒုက္ခတွေ မတွေ့ရဘူးလား (တွေ့ရပါတယ်ဘုရား)။

ချမ်းသာ ရှာလိုက်တာ ဒကာကြွယ် . . . ဘယ်သွားသွား

http://www.thitsarparamisociety.com/



မတွေ့ဘူး (မှန်ပါ့ဘုရား) ချမ်းသာရှာတာ . . တွန်းရှာလို့မတွေ့ဘူး (မှန်ပါ့) အလုပ်, လုပ်ရှာလိုက်တော့ တွေ့တယ် (တွေ့ပါတယ်) ဖြစ်ပျက်ကို မြင်အောင် အလုပ်လုပ်လိုက်တော့ တစ်ခါတည်းတွေ့တယ် . . . (မှန်ပါ့)။

## ဖြစ်ပျက်ရှုမှ ချမ်းသာတွေ့မယ်

ဒါဖြင့် ခြေလျင်သွားရှာလို့ ချမ်းသာတွေ့သလား အလုပ်လုပ်ရှာမှ တွေ့သလား (အလုပ်လုပ်ရှာမှ တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ဒကာကြွယ် . . . ချမ်းသာရှာရင် အလုပ်လုပ်ရမယ် . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီ) ချမ်းသာရှာတဲ့ ဒကာ ဒကာမ,များမှာ . . . (အလုပ်-လုပ်ရမှာပါဘုရား)။

အခု-ဒကာဒကာမတွေ ဆင်ခြေလဲနေတယ်၊ ဦးဘအုန်းကြီးတို့ မောင်ဘသော်တို့ကနော် . . . (မှန်ပါ့) အရှင်ဘုရား . . . ဒါချည်းအားထုတ်နေလို့လဲ တပည့်တော်တို့ အစားအသောက်ဆင်းရဲမှာ ကြောက်ရသေးတယ် . . . (မှန်လှပါဘုရား)။

ရော . . . ခက်နေပြီကော . . . ချ်းသာအစစ်နဲ့ ချမ်းသာ တုကို သူတို့က ချမ်းသာတုနဲ့လဲနေပြန်ပြီ . . . (မှန်ပါ့) ချမ်းသာ တုနဲ့ လဲနေတဲ့ အဓိပ္ပာယ်မရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။

. ဟိုဟာတွေဟာ မပြီးနိုင်တဲ့ဥစ္စာ၊ ခဏကလေး လျှာပေါ်မှာ ချိုသလို, ချဉ်သလိုနဲ့ ပြီးတော့ ကျင်ကြီးကျင်ငယ် ဖြစ်တာပဲ

http://www.thitsarparamisociety.com/



. . . (မှန်ပါ့) ချမ်းသာလိမ်, ချမ်းသာကောက်က ဒါနဲ့ ဆင်ခြေလဲပြီး ချမ်းသာစစ်ကို စွန့်ပစ်ပြီး တပည့်တော်တို့ မပြည့်စုံသေးလို့ ဒီအလုပ်ကလေး ချိတ်ထားပြီးတော့ ဝိဇ္ဇာဖြစ်တဲ့အလုပ် ချိတ်ထားပြီး အဝိဇ္ဇာဖြစ်တဲ့အလုပ် - လုပ်ပါရစေဦး . . . (မှန်လှပါဘုရား) အင်း . . . ဆင်းရဲရှာပြန်ပြီ (မှန်ပါ့)။

ဘာရှာတာတုံး (ဆင်းရဲရှာတာပါ) တစ်ဘက်သတ် ဟောနေတယ်လို့ ဒကာကြွယ်က ဒီလိုမယူနဲ့ . . . (မှန်ပါ့) မယူနဲ့ တဲ့၊ ခင်ဗျားတို့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ချမ်းသာ ရှာလို့ ရှိရင်ဖြင့် . . . တဲ့၊ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်မှ ချမ်းသာမယ် . . . (မှန်ပါ့ဘုရား) ဒီအတိုင်းရှာလို့တော့ ချမ်းသာဘယ်နည်းနဲ့မှ မရဘူး . . . (မရပါဘုရား)။

ဒီအတိုင်းရှာရင်းမတ္တနဲ့ အိုနာလျက်ပဲ . . . (မှန်ပါ့) ရှာရင်းမတ္တနဲ့ နာတဲ့အဖြစ်ကြုံ . . . (မှန်ပါ့) ရှာရင်းမတ္တနဲ့ မော်တော်ကား တိုက်လို့၊ မီးရထားကြိတ်လို့၊ လေယာဉ်ပျံ ပျက်ကျလို့ ဦးဘအုန်း . . . ရှာရင်းမတ္တနဲ့ သေကြတယ် . . . (သေကြပါတယ်ဘုရား)။

အဲဒါဘာသွားရှာတဲ့လူတွေတုန်း မေးစမ်းပါ . . . (ချမ်းသာရှာသွားတဲ့လူတွေပါဘုရား) ဟ-ချမ်းသာရှာ သွားတာ ဒကာ ဒကာမတို့ ချမ်းသာတွေ့သလား . . . ဆင်းရဲနဲ့ကြုံရသလား . . (ဆင်းရဲနဲ့ကြုံရပါတယ်ဘုရား)။

http://www.thitsarparamisociety.com/



ချမ်းသာ ရှာရင်းမတွေ့နဲ့ အိုပွဲကြီးက ခဏခဏ အိုနေတယ် . . (မှန်ပါ) နာပွဲကြီးကကော . . . (ခဏခဏ ကြုံနေပါတယ်ဘုရား) သေပွဲကော ကြုံတဲ့အခါ မကြုံဘူးလား . . . (ကြုံပါတယ်ဘုရား)။

နို့ . . . ဘာရှာသွားတာတုံး (ချမ်းသာရှာသွားတာပါ) ဟာ . . . ချမ်းသာရှာသွားတာ ဆင်းရဲပွဲချည်း နွဲရတယ် (မှန်ပါ့) ချမ်းသာ အရှာသွားကြတာ . . . (ဆင်းရဲပွဲကြီး နွဲရပါတယ်ဘုရား)။

အဲဒါထောက်ကြည့်တော့မှ ဒကာကြွယ်တို့ ဆင်ခြေလဲတာလွဲတယ် . . . (လွဲပါတယ်ဘုရား) တပည့်တော်တို့ ဘုရား . . . ဒီအလုပ်ချည်းလုပ်နေလို့ လောကုတ္တရာချည်း လုပ်နေလို့ ရှိရင်လဲ . . . မဟုတ်သေးဘူးဘုရာ့ . . . (မှန်ပါ့) ဘာဖြစ်လို့တုံး ချမ်းသာစရိုက် မဟုတ်သေးဘူးဘုရာ့ . . . (မှန်ပါ့)။

ချမ်းသာစရိုက် မဟုတ်သေးဘူး ဘုရာ့ဆိုတော့ ခင်ဗျားတို့ပါးစပ်က ထွက်ရဲပါပေတယ် . . . (မှန်ပါ့) မဟုတ်ဘူးလား . . . (ဟုတ်ပါတယ်ဘုရား)။

ဒီအလုပ်ချည်း လုပ်နေလို့ဘုရား . . . တပည့်တော်တို့ ဘယ့်နှယ်လုပ်မလဲ၊ စားဖို့, သောက်ဖို့, နေဖို့, ထိုင်ဖို့, မင်းရေး, စိုးရေး, သူခိုးရေးတွေကလဲ ရှိသေးတယ်ဘုရာ့၊ အဲဒီတော့ ဟိုဘက်လဲလှည့်လိုက်ရတယ် . . . (မှန်လှပါဘုရား) ဘယ်ဘက်လှည့်လိုက်တာတုံး . . . (ဆင်းရဲဘက်ပါဘုရား)။

http://www.thitsarparamisociety.com/



## အဝိဇ္ဇာမကင်းသေးရင် သေရဦးမှာပဲ

ဒါ-ဆင်ခြေလဲတာ၊ ဦးဘအုန်း မှန်, မမှန် . . . (မမှန်ပါဘုရား) မမှန်ဘဲနဲ့ ခင်ဗျားတို့ အဝိဇ္ဇာကလေးက ဝင်လာတဲ့အချိန်ကျတော့ ဩော် . . . ဒီဘက်လဲ ကြိုးစားရမှာပဲ ဟိုဘက်ကလဲ မကင်းဘူး . . . (မှန်လှပါဘုရား)။

ဒီဘက်လဲ ဘာ. . . တဲ့. . . (ကြိုးစားရမှာပဲ) ဟိုဘက်လဲ . . . (မကင်းပါဘုရား) မကင်းသေးရင်လဲ သေဦးပေါ့ . . . (မှန်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီ) မကင်းသေးရင် ဘယ့်နှယ်ဆုံးဖြတ်ချက်ချကြမလဲ . . . (သေရမှာပါဘုရား) သေရဦးမှာပဲဆိုတာ ပေါ်ကြပလား . . . (ပေါ်ပါပြီဘုရား)။

ဩော် . . . ဘုန်းကြီးတို့ ဒကာဒကာမတွေ မျက်စိဖွင့်ပေးတဲ့ အထဲမှာ တစ်ဖန်ပြန်လည်တဲ့လူကလဲ အများကြီးပါသေးတယ် (မှန်ပါ့ဘုရား) မျက်စိဖွင့်ပေးတဲ့အထဲက ဒကာကြွယ် (တစ်ဖန်ပြန်လည်တဲ့သူ, များပါတယ်ဘုရား) တယ်လဲအလှည့်ကောင်းပါကလား . . . (ကောင်းပါတယ်ဘုရား)။

မင့်-ဘုန်းကြီး ဟောတာနဲ့ မင့်ဘုရား ဟောတာကတော့ကွာ မှန်တာတော့မှန်ပါရဲ့ . . . (မှန်ပါ့) အဝိဇ္ဇာလောင်ပြီး တရားဟောဆရာ လုပ်ပစ်တယ် . . . (မှန်ပါ့)။

သို့သော်လဲ မင့်သားနဲ့ မင့်သမီးနဲ့ မင့်အခွန်တွေကလဲ ဆောင်နေရတာ အနေမျိုးဆိုတော့ ဝိဇ္ဇာချည်း လုပ်နေလို့လဲ

http://www.thitsarparamisociety.com/



မဖြစ်သေးဘူး (မှန်လှပါ) ရှာဦးမှာပေါ့၊ ရှာဦးမှာ ဆိုတော့ တဏှာ (မှန်ပါ့) တဏှာက အဝိဇ္ဇာ လက်အောက်ခံ . . . (မှန်ပါ့)။

သူကိုယ်တိုင် မလှည့်စားချင်တာနဲ့ တဏှာလွှတ်လိုက်တယ် (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီ) ဘာလွှတ်လိုက်သလဲ . . . (တဏှာလွှတ်လိုက်ပါတယ်) တဏှာလွှတ်လိုက်တော့ တဏှာက သားကလေးခင်တဲ့စိတ်က သမီးကလေးခင်တဲ့စိတ်က အေး . . . ရှာဦးမှပေါ့၊ မရှာရင် ဘယ့်နှယ်လုပ်မလဲ . . . (မှန်ပါ့) ဒကာကြွယ် ဒါကလေးဟာ တဏှာကနေပြီး တရားဟောလွှတ်လိုက်တယ် . . . (မှန်ပါ့) ဘယ်သူက လွှတ်လိုက်တာတုံး . . . (တဏှာကလွှတ်လိုက်ပါတယ်) အဝိဇ္ဇာက လွှတ်လိုက်တယ် . . . (မှန်ပါ့) အဝိဇ္ဇာက တဏှာကို ကိုယ်စားလှယ်လွှတ်လိုက်တယ် . . . (မှန်ပါ့) ရှင်းပြီနော် . . . (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာက ဘာတဲ့ . . . (တဏှာကို ကိုယ်စားလှယ်လွှတ်လိုက်ပါတယ်ဘုရား) အင်း . . . သူက အချော့ကောင်းလို့ဗျ (မှန်ပါ့ဘုရား) အဝိဇ္ဇာကတော့ ဖုံးသာထားတာ၊ ဒါလောက်မချော့တတ်ဘူး (မှန်ပါ့) တဏှာကတော့ ဒကာကြွယ်တို့ကို ချော့တတ်တယ် . . (မှန်ပါ့ဘုရား) ဟော . . အခုသွားလိုက်လို့ရှိရင် သောင်းကိုးထောင်ရမယ် (မှန်ပါ့) နက်ဖြန်သေမှာ သူမထည့်ဘူး (မထည့်ပါဘုရား) ပါသေးရဲ့လား . . . (မပါပါဘုရား)။

http://www.thitsarparamisociety.com/



မပါတော့ တဏှာက ဒီလိုလှည့်စားတတ်တော့ ဒကာ ကြွယ်တို့က မေ့ပြီးထွက်တယ် (ထွက်ပါတယ်ဘုရား) အင်း ဘယ်သူ့လက်အောက်ခံပါလိမ့် . . . (အဝိဇ္ဇာလက်အောက်ခံ ပါဘုရား)။

အဝိဇ္ဇာလက်အောက်ခံ တဏှာကိုလွှတ်လိုက်တော့ ဒကာ ကြွယ်တို့က တဏှာနဲ့တော့ ငယ်ပေါင်းဖြစ်နေတယ် . . . (မှန်ပါ့) ငယ်ပေါင်း ဖြစ်နေပြီးတော့ ဦးဘအုန်းကြီးတို့ ပြေးဟာ ရန်ကုန် (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မပါပြီ) ပြန်လာဟာ မန္တလေး . . (မှန်ပါ့)။

ဘာလုပ်တာတုံး . . . ဦးဘအုန်းဆို ဘယ့်နှယ်ပြောမလဲ အို တဏှာခိုင်းတာ သွားရတာပါ . . . (မှန်ပါ့ဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဘာတုံး (တဏှာခိုင်းတာလုပ်ရတာပါဘုရား) အဲ . . . ဘယ်သူ၏ကိုယ်စားလှယ်ပါလိမ့် - သူ (အဝိဇ္ဇာ၏ကိုယ်စားလှယ် ပါဘုရား) အဝိဇ္ဇာ၏ ကိုယ်စားလှယ်ဆိုတော့ ခင်ဗျားတို့ အဝိဇ္ဇာ၏ ကိုယ်စားလှယ်လက်အောက်ခံလွှတ်လိုက်တဲ့အတွက် ခင်ဗျားတို့ ဒါတော့ သေပွဲတွန်းပြန်ပြီ (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီဘုရား) ဘာတွန်းလိုက်ပြန်သတုံး . . . (သေပွဲတွန်းပြန်ပါတယ် ဘုရား)။

http://www.thitsarparamisociety.com/



ဒါတောင် ခင်ဗျားတို့ကတော့ ဟုတ်ထင်ပါရဲ့ဆိုတဲ့ဉစ္စာ ဒကာကြွယ်တို့က ယောင်များပြောလိုက်သေးတယ် (မှန်ပါ့) မယောင်ဘူးလား တစ်ခါတစ်ခါ (ယောင်ပါတယ်ဘုရား)။

နောက်က ဒကာဒကာမတွေ သေသေချာချာစဉ်းစားပါ ခင်ဗျားတို့ ဝမ်းထဲကိုက တစ်ခါတည်း အဝိဇ္ဇာက ကောင်းကောင်း မချုပ်သေးတော့ ယောင်ပြေးလာတယ် . . . မောင်ဘသော် . . . (မှန်ပါ့ဘုရား)။

အဝိဇ္ဇာကိုယ်စားလှယ် တဏှာလွှတ်လိုက်တယ်၊ တဏှာ လွှတ်လိုက်တဲ့အခါ တဏှာက ဟိုတိုက်ကြီးကြည့်ပါလား၊ ဟိုကား ကြီးတွေကြည့်ပါလား၊ ဟိုမှာ ဝတ်ထားတာတွေ ကြည့်ပါလား အဲဒါတွေ ဘယ်လိုရှာလို့ရတာ၊ အဲဒါတွေရတဲ့ တစ်နေ့ကျတော့ ကိုယ်ကထိုင်နေတာပေါ့၊ ထိုင်ပြီး ဒီဝိဇ္ဇာဆီလုပ်တာပေါ့. . . (မှန်ပါ့) အခုတော့ ဝိဇ္ဇာလုပ်ချင်ပေမယ့် မဖြစ်သေးဘူး၊ ဝမ်းရေး က လိုသေးတယ် (မှန်ပါ့)။

ဘယ်သူက ဝင်ဟောနေသတုံး (တဏှာက ဝင်ဟော နေပါတယ်ဘုရား) တဏှာက ဝင်ဟောတယ် (မှန်ပါ့) ဘယ်သူ့ လက်အောက်ခံတုံး . . . (အဝိဇ္ဇာလက်အောက်ခံပါဘုရား)။

အဲဒီမှာ ဒကာကြွယ်တို့က တရားက နာနေကျဖြစ်နေ တော့ တဏှာတရားက နာနေကျ . . . (မှန်ပါ့) သဘောကျ ပလား . . (ကျပါပြီဘုရား)။

http://www.thitsarparamisociety.com/



တဏှာတရားနာလို့ပေါ့ဗျ၊ ခင်ဗျားတို့ တစ်ခါတလေကျတော့ ဟော . . . နိဗ္ဗာန်မရမီစပ်ကြား မတော်များ ဆင်းရဲနေရင် ခက်ချေရဲ့ဆိုပြီး နိဗ္ဗာန်မရမီစပ်ကြားကလေးများ ထည့်လိုက်သေးတယ် . . . (မှန်ပါ့) ဘယ်သူက အထည့်ခိုင်းတာတုံး . . . (တဏှာက အထည့်ခိုင်းတာပါဘုရား)။

အဲဒါ ခင်ဗျားတို့က ကျွန်တော်မျိုးပီပီထည့်ဦးမှ ထည့်ဦးမှ (မှန်ပါ့) ဒုက္ခကြွယ်မလာဘူးလား . . . (လာပါတယ်ဘုရား) ဒါ . . . ဘယ်သူ့လက်အောက်ခံတုံးဗျ (အဝိဇ္ဇာလက်အောက်ခံပါဘုရား)။

တဏှာက ဆုတောင်းတော့ ဘာသစ္စာရသလဲ (ဒုက္ခသစ္စာရပါမယ်ဘုရား)။

အို . . . ဒုက္ခသစ္စာ မင်းမပြောနဲ့၊ မင်းက ကောင်းတယ်ချည့်ပြော ငါကဖုံးထားတယ် . . . (မှန်ပါ့) အဝိဇ္ဇာက . . . (မှန်ပါ့)။

အဝိဇ္ဇာက ဖုံးထားတယ်၊ တဏှာ မင်းကကောင်းတယ်သာပြော၊ သူတို့က တကယ်လို့ ထိုးသွင်းလာလို့ရှိရင် ငါက ဒီဥစ္စာကို ဖုံးထားမယ် ကောင်းတဲ့ဘက်သာ ပြမယ်ဆိုတဲ့ သဘောကာ နီးကို မပြဘူး . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

http://www.thitsarparamisociety.com/



တရုတ်ပြည်သွားသလိုပေါ့ဗျာ၊ တရုတ်ပြည်လာပါဟဲ့ ဆိုပြီး သွားတော့ ကောင်းတာတွေချည်းထိုးပြတယ်၊ နောက်ပိုင်း ဝင်နေတာ ထည့်မှမထည့်တော့ဘဲ၊ အဲဒီလိုဖြစ်နေတာ (မှန်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒီလိုဖြစ်နေတဲ့ဥစ္စာ ခင်ဗျားတို့က ရှေ့လမ်းကြီးတွေ ကြည့်ပြီး ဟုတ်တယ်ထင်နေ၊ တော်တော်ကြာ မသာပို့ရတာတော့ သိတာမဟုတ်ဘူး (မှန်ပါ့ဘုရား) ရိပ်မိပလား . . . (ရိပ်မိပါပြီ) တော်တော်ကြာလို့ရှိရင် ဘယ်သူဟာ တိုက်ကြီးနဲ့တာကြီးနဲ့ သိန်းပေါင်းဘယ်လောက် ချမ်းသာတယ်၊ တော်တော်ကြာ မသာ ဖိတ်စာ ရောက်လာတယ် . . . (မှန်ပါ့)။

ဦးဘအုန်း . . . ဘာတဲ့တုံး . . . (မသာဖိတ်စာရောက်လာပါတယ်ဘုရား) မသာဖိတ်စာရောက်တော့ ဒကာကြွယ်တို့က ဖြစ်မှ ဖြစ်ရပလေ သူ့တပည့်တော်တို့နဲ့ သိပ်ခင်တာ . . . (မှန်ပါ့)။

အင်း-ခင်တာမခင်တာလိုရင်းမဟုတ်ဘူး၊ သေတာ - မသေတာ ရှုပ်မနေနဲ့ ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

အဲဒါ ခုနင်က မသာခန်း ကိုယ်ကဖွင့်ထားလို့ မသာဖြစ်ရတာ. . . (မှန်ပါ့)။

http://www.thitsarparamisociety.com/



## အဝိဇ္ဇာနဲ့ တဏှာက ဝင်းရိုးလှည့်ပေး

ဒါဖြင့် မသာအလုပ်ဟာ ဒကာဒကာမတို့ ဘယ်သူ၏ အလုပ်လဲ (တဏှာ၏အလုပ်ပါ) အဝိဇ္ဇာ, တဏှာတို့၏ အလုပ် (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) မသာဖြစ်လေသမျှ (အဝိဇ္ဇာ တဏှာ၏ အလုပ်ပါဘုရား) မသာသိမ်းချင်ရင် (အဝိဇ္ဇာတဏှာ သိမ်းရပါမယ်) အဝိဇ္ဇာတဏှာချုပ် ပြီးတာပေါ့ . . . (မှန်ပါ့)။

ဒါကြောင့် ဒီမှာကြည့်ပါလား နှစ်ခုပါတယ်၊ အဝိဇ္ဇာနဲ့ တဏှာ . . . (မှန်ပါ့) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

ဒါ . . ဝင်ရိုးပေါ်မှာနေတယ်၊ တို့ကလှည့်ပေးမယ်လို့ ပြောလို့ ဒါတွေလှည့်သွားတာ . . (မှန်ပါ့) ရိပ်မိပလား (ရိပ်မိပါပြီ။

သူတို့က ဝင်ရိုးတွေ၊ အဝိဇ္ဇာနဲ့တဏှာက ဝင်ရိုး (မှန်ပါ့) သတ္တဝါတွေကို တစ်ခါတည်း သေလမ်းချည့် လှည့်လှည့်ပေး တယ် (မှန်ပါ့) ပဋိသန္ဓေနေခန်း လှည့်ပေးလိုက်၊ သဘောကျ ပလား . . . (ကျပါပြီ)။

ဒါဖြင့် လှည့်ကြည့်ပါလား၊ ဒကာဒကာမတို့ သေလမ်း ချည့် ခဏခဏ တွေ့ရတယ်ဆိုတာ သူက လှည့်လှည့်နေတာ၊ သူက ဝင်ရိုးကြီးဗျ. . . (မှန်ပါ့) ရိပ်မိပလား . . (ရိပ်မိပါပြီ)။

အင်း . . . သူက ဘာပါလိမ့် (ဝင်ရိုးပါဘုရား) ဘာတွေ လှည့်ပေးနေသလဲ. . (သေပွဲချည့် လှည့်ပေးနေပါတယ်ဘုရား)။

http://www.thitsarparamisociety.com/



သေပွဲတွေ လှည့်ပေးလိုက်တယ်၊ သမုဒယသစ္စာ လှည့်ပေးလိုက် ဒုက္ခသစ္စာ (လှည့်ပေးပါတယ်) သမုဒယသစ္စာ . . . (လှည့်ပေးပါတယ်) ဒုက္ခသစ္စာ . . . (လှည့်ပေးပါတယ်) ဒီအဝိဇ္ဇာနဲ့ တဏှာက ဝင်ရိုးလှည့်နေတယ် . . . (မှန်ပါ့ဘုရား) ဒါကြောင့် ခင်ဗျားတို့ အသေထပ်၊ ဆင်းရဲထပ် . . . (မှန်ပါ့) သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒါဖြင့် အာသဝ, ဝင်ရိုးဆိုတာ- ဒကာကြွယ်ပေါ်ပလား (ပေါ်ပါပြီ) ကာမာသဝတို့ဟာ ဒါက ကာမာသဝ၊ ဘဝါသဝ၊ ဒါက အဝိဇ္ဇာသဝ၊ (မှန်လှပါဘုရား) ရှင်းပလား (ရှင်းပါပြီဘုရား) အာသဝ, ဝင်ရိုးကြီး လှည့်လိုက်တယ်ဆိုပေမယ့် မောင်ဘသော် ဒါကြီးဟာ ဒီအတိုင်းနေသလား၊ လှည့်နေသလား (လှည့်နေပါတယ်ဘုရား) အသေတွေဆက်နေတယ် (မှန်ပါ့) သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် သူလှည့်လိုက်ပြီဆိုမှဖြင့် ဘာသစ္စာတွေချည့် တွေ့နေရသတုံး . . . (သမုဒယနဲ့ ဒုက္ခတွေ့ရပါတယ်) သမုဒယနဲ့ ဒုက္ခကို သူလှည့်ပေးနေတာ (မှန်ပါ့) သဘောပါကြပလား (ပါပါပြီ) သမုဒယနဲ့ဒုက္ခကို (လှည့်ပေးနေပါတယ်ဘုရား) အဲ . . . အာသဝဝင်ရိုးက လှည့်ပေးနေတယ် . . . (မှန်ပါ့) သဘောကျပလား (ကျပါပြီဘုရား)။

http://www.thitsarparamisociety.com/



## အာသဝဝင်ရိုး

အင်း . . . ဘယ်သူကလှည့်သတုံး (အာသဝ, ဝင်ရိုးက လှည့်ပါတယ်) သူသာ ဒီဝင်ရိုးကြီးက လှည့်ပေးမယ်ဆိုရင် ဒကာဒကာမတို့ ဒါကြီးက ဒီလိုသွားနိုင်ပါ့မလား . . . (မသွားနိုင်ပါဘုရား)။

သူက လှည့်ပေးနေတာ (မှန်ပါ့) ဒီအသေကြီးဟာ ဟိုဘက် ရောက်လိုက်၊ ဒီဘက်ရောက်လိုက်နဲ့ အသေတွေလှည့်ရောက်နေတာ . . . (မှန်ပါ့) မရောက်ဘူးလား . . . (ရောက်ပါတယ်ဘုရား)၊ အင်း. . . ဘယ်သူက လှည့်တာပါလိမ့် (အာသဝ, က လှည့်တာပါဘုရား) ဒါ့ကြောင့် ဒီဥစ္စာပါလာတာ ဒကာကြွယ်ရ (မှန်ပါ့)၊ ရိပ်မိပလား . . . (ရိပ်မိပါပြီ)။

ခင်ဗျားတို့ ဟော . . . အခု ဥပမာ ပြဟ္မာ့ပြည်သေတယ်ဆိုပါဦးတော့၊ တော်တော်ကြာကျတော့ လူ့ပြည်သေတယ် (မှန်ပါ့) ဟော. . . တော်တော်ကြာ သူလှည့်လိုက်လို့ရှိရင် ငရဲပြည်နေတယ်၊ အောက်ရောက်သွားမှာပဲ . . . (မှန်ပါ့ဘုရား)၊ မရောက်ပေဘူးလား . . . (ရောက်ပါတယ်ဘုရား)။

တော်တော်ကြာကျတော့ တိရစ္ဆာန်ဘုံဆိုပြီး ဒီရောက်လာဦးမှာပဲ၊ မရောက်ပေဘူးလား. . (ရောက်ပါတယ်) ဘယ်သူက လှည့်ပေးသတုံး . . . (အာသဝ,က လှည့်ပေးတာပါ) အာသဝ အဝိဇ္ဇာနဲ့တဏှာ . . . (မှန်ပါ့ဘုရား)။

http://www.thitsarparamisociety.com/



ဒါဖြင့် ဒကာဒကာမတွေ ဒီနေ့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်ပြီ . . . (မှန်ပါ့)၊ တဏှာက အလောဘဖြစ်ပြီဆိုတော့ ဝင်ရိုး နေရာမှာ ပြောင်းသွားတယ်၊ မပြောင်းဘူးလား . . . (ပြောင်းပါတယ်ဘုရား)။

အဝိဇ္ဇာက ဘာဖြစ်သတုံး . . . (ဝိဇ္ဇာဖြစ်ပါတယ်ဘုရား) တဏှာက ဘာဖြစ်သတုံး (အလောဘဖြစ်ပါတယ်) အလောဘဆိုတော့ မလိုချင်တာ . . . (မှန်ပါ့)။

အဲဒီတော့ ဝင်ရိုးကြီး ဘယ့်နှယ်နေသတုံး ဒကာကြွယ်ရဲ့ . . (ကျိုးသွားပါတယ်ဘုရား) ဝင်ရိုးကျိုးသွားရင် လှည့်ပေးမည့်လူ ရှိသေးရဲ့လား . . . (မရှိပါဘုရား)။

ကဲ . . . ဒါဖြင့် ဒီကလဲ မစ,တော့ဘူး . . . (မှန်ပါ့)၊ ဒီကလဲ မစ,တော့ဘူး . . . (မှန်ပါ့)၊ သဘောကျရဲ့လား . . . (ကျပါတယ်ဘုရား)။

ဒီသမုဒယသစ္စာကော စ,သေးရဲ့လား . . . (မစ, ပါဘုရား)၊ ဒီသမုဒယသစ္စာ . . . ဒီအစကော စ, နိုင်သေးရဲ့လား . . . (မစ, နိုင်ပါဘုရား)၊ ဘာဖြစ်လို့တုံး . . . ဒီဝင်ရိုးနှစ်ခုဟာ သူတို့နှစ်ခု လှည့်ပေးနေတာ . . . (မှန်ပါ့)၊ သူတို့နှစ်ခုက ဒီဝင်ပြီး လှည့်နေတယ် . . . (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဒီနေ့ ဘာတရားနာသတုံး မေးတော့ ဩော် . . . တို့သံသရာမှာ အသေနေရာ မရွေးနိုင်အောင် ဖြစ်,

http://www.thitsarparamisociety.com/



သေနေတဲ့ ဝင်ရိုးဖြင့် ပြုတ်ပေပေါ့ . . . (မှန်လှပါဘုရား)၊ ဦးဘအုန်း သဘောကျပလား . . . (ကျပါပြီဘုရား)။

ဒီနေ့ ဘာတရားဟောသတုံး၊ ဝင်ရိုးကျိုးတဲ့တရား ဟောတယ် . . . (မှန်ပါ့)၊ ဘာဝင်ရိုးပါလိမ့်မတုံး . . . (အာသဝ, ဝင်ရိုးပါ)။

## ဖြစ်ပျက်မြင်တဲ့ ဝိဇ္ဇာနဲ့ဝင်ရိုးချိုးပါ

အာသဝ-ဝင်ရိုး . . . (မှန်ပါ့)၊ ဒကာကြွယ် နေရာကျပလား၊ (ကျပါပြီဘုရား)၊ အင်း . . . ဘာနဲ့ချိုးကြသတုံးဆိုတော့ ဖြစ်ပျက်မြင်တဲ့ ဝိဇ္ဇာနဲ့ချိုးလိုက်တယ် . . . (မှန်ပါ့)၊ ဖြစ်ပျက်မလိုချင်တဲ့ အလောဘနဲ့ ချိုးလိုက်တယ် . . . (မှန်ပါ့ဘုရား)။

လောဘလာလဲ လောဘတဏှာကို အလောဘနဲ့ သတ်တယ် . . . (မှန်ပါ့) မသိတာကို သိတာနဲ့သတ်တယ် . . . (မှန်ပါ့)၊ ဒကာကြွယ် ရှင်းပလား . . . (ရှင်းပါပြီဘုရား) မသိတာကို . . . (သိတာနဲ့သတ်ပါတယ်ဘုရား) လိုချင်တာကို . . . (မလိုချင်တာနဲ့ သတ်ပါတယ်ဘုရား)။

မလိုချင်တဲ့ အလောဘနဲ့ သတ်လိုက်တော့ ဖြစ်ပျက်-ရှုတဲ့ပုဂ္ဂိုလ်များမှာ . . . တဲ့၊ ဒုက္ခသစ္စာကလဲ သိသွားတယ်၊ (မှန်ပါ့)၊ သိတော့ အဝိဇ္ဇာက ရှိသေးရဲ့လား . . . (မရှိပါဘုရား) ဒုက္ခသစ္စာမှန်း သေသေချာချာသိတော့လဲ လိုချင်သေးရဲ့လား

http://www.thitsarparamisociety.com/



(မလိုချင်ပါဘုရား) မလိုချင်တော့လဲ လိုချင်တဲ့လောဘကလဲ ရှိသေးရဲ့လား . . . (မရှိပါဘုရား) ဒါဖြင့် ဒီနေရာမှာ အဝိဇ္ဇာက ဘာဖြစ်သတုံး . . . (ဝိဇ္ဇာဖြစ်ပါတယ်ဘုရား)၊ တဏှာက ဘာလာဖြစ်သတုံး (အလောဘ လာဖြစ်ပါတယ်)။

ဒါဖြင့် သူတို့လှည့်မှုဖြစ်မှာ၊ သူတို့က လှည့်မှုမလှည့်တော့ပဲ . . . (မှန်ပါ့) ဒီတရားတွေက နိဗ္ဗာန်ပဲ သွားတယ်-(မှန်ပါ့) ဝိဇ္ဇာကလဲ နိဗ္ဗာန်ပဲသွားတယ်၊ သဘောကျပလား (ကျပါပြီဘုရား) အလောဘကလဲ နိဗ္ဗာန်ပဲပို့တယ် (မှန်ပါ့)။

ကဲ . . . သူလှည့်လိုက်တာ ဒကာကြွယ် အသေတွေဟာ သေပေါင်းကို နေရာထပ်နေပြီ . . . (မှန်ပါ့) သူက တစ်ဝီဝီ လှည့်နေလို့ရှိရင် အသေမထပ်ပေဘူးလား . . . (ထပ်ပါတယ် ဘုရား) သဘောပါကြပလား . . . (ပါ-ပါပြီဘုရား)။

ဒါဖြင့် သူတို့ မချုပ်သရွေ့ ကျုပ်တို့လှည့်ပြီး သေခိုင်းဦးမှာပဲ . . . (ခိုင်းပါတယ်ဘုရား) ဦးဘအုန်း ဘယ်လိုမှတ်မလဲ . . . (လှည့်ပြီးအသေခိုင်းဦးမှာပါဘုရား) သူတို့က ဝင်ရိုးဗျ . . . (မှန်ပါ့ဘုရား) အာသဝ, ဇင်ရိုးဆိုတာ ဒါပဲ (မှန်ပါ့)။

အင်း . . . မင်းတို့ အထက်လဲ အသေခိုင်းမယ် (မှန်ပါ့ဘုရား) ဘေးလဲ . . . (အသေခိုင်းမယ်) အောက်လဲ (အသေခိုင်းမယ်) တစ်ဖန် ဘေးလဲ . . . (အသေခိုင်းမယ်) ဒါဖြင့် သေတဲ့နေရာကို ကျုပ်တို့ထပ်နေပြီ (မှန်ပါ့ဘုရား) သူလှည့်တာ သူလှည့်တာ (မှန်ပါ့) ရိပ်မိပလား . . . (ရိပ်မိပါပြီဘုရား)။

http://www.thitsarparamisociety.com/



ဒကာကြွယ် ဒါဖြင့် အာသဝ, ဝင်ရိုးမကျိုးသရွေ့ ကာလ ပတ်လုံး တော်ပ့ါမလား . . . (မတော်ပါဘုရား)။

ဒါဖြင့် အဝိဇ္ဇာနဲ့တဏှာ ချုပ်ရလိမ့်မယ် (မှန်ပါ့ဘုရား) အဝိဇ္ဇာနဲ့ တဏှာချုပ်ရင် ဝင်ရိုးကျိုးပြီ၊ ဒါကြီးဟာ အောက်မှာ ပြားသာ နေစရာရှိတယ်၊ ဒီအတိုင်းမလည်တော့ဘူး (မှန်ပါ့ ဘုရား) လည်နိုင်ပ့ါမလား . . . (မလည်နိုင်ပါဘုရား)။

ကဲ. . . ဒါဖြင့် ဒကာကြွယ် အလုပ်လုပ်ကြစို့နော် . . . (မှန်ပါ့ဘုရား) အလုပ်-မလုပ်ရင် ဒီဝင်ရိုး မကျိုးဘူး . . . (မကျိုး ပါဘုရား)။

ကိုင်း . . . ဒါဖြင့် ဦးဘအုန်းတို့ အလုပ်လုပ်ပါ . . . (မှန်ပါ့) ဥပမာမယ် . . . ခင်ဗျားတို့ မက်တဲ့စိတ်ကလေး ပေါ်လာ တယ် . . . (မှန်ပါ့) ကဲ . . . ဒကာကြွယ်က ဖြစ်ပျက်ရှု၊ ဖြစ်ပျက် ရှုလိုက်တော့ကို . . . မက်တဲ့စိတ်ကလေးဟာလဲ မက်တဲ့ ယောကျ်ားဖြင့် ယောကျ်ား၊ မိန်းမဖြင့် မိန်းမပေါ့ဗျာ . . . (မှန်ပါ့) မက်နေတဲ့ မိန်းမ၊ မက်နေတဲ့ယောကျ်ားဟာ တစ်ခါတည်း ဖြစ်ပျက်ရှုလိုက်တော့ကို အင်း-တစ်ယောက်သေပြန်ပြီလို့ မသိဘူး လား (သိပါတယ်ဘုရား) သိရတယ်ဆိုတာ ရှင်းပြီနော် . . . (ရှင်းပါပြီ)။

ဘာနဲ့ ကြည့်သကဲ့ဆိုတော့ ဝိဇ္ဇာနဲ့ ကြည့်လိုက်တာ . . . (မှန်ပါ့ဘုရား) ဒါဖြင့် ဒီအသေမျိုး လိုချင်သေးသလားလို့ မေးတော့ (မလိုချင်ပါဘူးဘုရား)။

http://www.thitsarparamisociety.com/



မလိုချင်တော့ အဝိဇ္ဇာက ဝိဇ္ဇာဖြစ်တယ်၊ တဏှာက အလောဘဖြစ်တယ် . . . (မှန်ပါ့ဘုရား) ဝင်ရိုးကျိုးတယ် . . . (မှန်ပါ့) မကျိုးသေးဘူးလား (ကျိုးပါတယ်ဘုရား) ဖြစ်ပျက်မြင်တဲ့ ပုဂ္ဂိုလ် ဝင်ရိုးကျိုးတယ် . . . (မှန်ပါ့ဘုရား) ဒကာကြွယ် ဖြစ်ပျက် မြင်တဲ့ပုဂ္ဂိုလ် (ဝင်ရိုးကျိုးပါတယ်ဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ ဒကာကြွယ်၏ အသေကို ဒကာကြွယ်မြင်ပေါ့ကိုး (မှန်ပါ့) ဒကာကြွယ် ကုသိုလ်စိတ်ကလေး နဲ့နေတာ ကုသိုလ်စိတ်ကို ဒကာကြွယ်က ဖြစ်ပျက်ရှုလိုက်စမ်း . . . (မှန်ပါ့) ကုသိုလ်လုပ်နေမယ့် ဒကာကြွယ်ရှိသေးသလား (မရှိပါဘုရား) မရှိတော့ ဒကာကြွယ် . . . သေပြီ . . . (သေပါပြီ ဘုရား)။

ဪ . . . ဒါဖြင့် အသေမြင်တာက ဝိဇ္ဇာ . . . (မှန်ပါ့) နောက် ဒီလိုအသေမျိုး လိုချင်သေးရဲ့လား . . . (မလိုချင်ပါ ဘုရား) မလိုချင်တာက အလောဘ (မှန်ပါ့ဘုရား)။

ဒကာကြွယ် ဘယ့်နှယ်တုံး (ဘေးဘက်ယှည့်ပြီး သေရ ပါတယ်ဘုရား) ဟာ . . . ဘယ်သူက လှည့်ပေးနေလို့ပါလိမ့် (အဝိဇ္ဇာနဲ့ တဏှာက လှည့်ပေးပါတယ်) ဟာ . . . သူက ဝင်ရိုး လား (မှန်ပါ့ဘုရား) ရှင်းကြပြီနော် . . . (ရှင်းပါပြီဘုရား)။

အင်း . . . ဘယ်သူလှည့်ပေးနေတာတုံး (အာသဝ လှည့်ပေးနေတာပါဘုရား) ဒါဖြင့် အသေမမြဲတာလဲ ဘယ်သူ

http://www.thitsarparamisociety.com/



တုံး (အာသဝဝင်ရိုးပါဘုရား) အနေမမြဲတာလဲ . . . (အာသဝဝင်ရိုးပါဘုရား) ရှင်းပြီ. . . (ရှင်းပါပြီ) အနေမမြဲတာလဲ အာသဝဝင်ရိုး၏ လှည့်မှု . . . (မှန်ပါ့ဘုရား) အသေမမြဲတာလဲ (အာသဝဝင်ရိုး၏လှည့်မှုပါဘုရား)။

ဩော် . . . ဝင်ရိုးကျိုးသွားတော့ ဦးဘအုန်းရေ စိတ်ချရပေပေါ့ . . . (မှန်ပါ့ဘုရား) ဒီတစ်ခါတော့ ဘယ်နေရာမှ မရွေ့ရတော့ဘူး . . . ဆိုတဲ့ နိဗ္ဗာန်ရောက်တယ် (မှန်ပါ့ဘုရား) ဘယ်နေရာမှ မရွေ့ရတဲ့ . . . (နိဗ္ဗာန်ရောက်ပါတယ်ဘုရား)။

အင်း . . . ဘာ့ကြောင့်ပါလိမ့် . . . (အာသဝဝင်ရိုးကျိုးလို့ပါဘုရား) အာသဝ-ဝင်ရိုးကျိုးလို့ဆိုတော့ သေချာကြပလား (သေချာပါပြီ)။

## ဝင်ရိုးကျိုးတဲ့တရား

ဒါဖြင့် ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ . . . ယနေ့ဘာတရား နာရသတုံး . . . မေးရင် ဘယ့်နှယ်ပြောမတုံး (ဝင်ရိုးကျိုးတဲ့တရားပါဘုရား) ဝင်ရိုးကျိုးတဲ့တရားနာရတယ်၊ သဘောကျပလား . . . (ကျပါတယ်ဘုရား)။

နို့ . . . ဒီဝင်ရိုးကျိုးတော့ ဒီဒေါက်တွေကော ဒကာဒကာမတို့ ဘာအသုံးကျသတုံး . . . (မကျပါဘုရား) ဒ်-ဒေါက်တွေကော . . . (မကျပါဘုရား) ဒီဒေါက်တွေကော . . . (မကျ

ပါဘုရား) ဒေါက်လေးထောက် အကုန်ဘာမှ အသုံး မကျတော့ဘူး . . . (မကျပါဘုရား) သဘောကျပလား . . . (ကျပါပြီ)။

ဒီအကွပ်ကြီးဟာကော ဘာအသုံးကျသေးသတုံး (မကျပါဘုရား) ဒီဝင်္ဂတွေလဲ အကုန်ကျွတ်သွားတယ် . . . (မှန်ပါ့) ဝင်ရိုးလေ . . . (မှန်ပါ့) ရှင်းပလား (ရှင်းပါပြီ) ဘာလိုရင်းပါလိမ့် . . . (ဝင်ရိုးပါဘုရား)။

ဒါကြောင့် ဝင်ရိုးကျိုးလို့ရှိရင် လှည်းများဒီဒေါက်တွေလဲ အလကား၊ ဒီဒေါက်လဲ အလကားပဲ၊ ဒေါက်လေးဒေါက်· အလကားဖြစ်သွားတယ် . . . (မှန်ပါ့)။

ဒေါက်လေးဒေါက် အုပ်ချုပ်ထားတဲ့ ဒီက သံပတ်ခွေကြီးဟာကော . . . (အလကားပါပဲဘုရား) အလကားပဲ။

ဒါကြောင့် ခင်ဗျားတို့ ဘုန်းကြီးပြောတဲ့အတိုင်း တရားဟောတဲ့အတိုင်းသာ ဝင်ရိုးကျိုးတဲ့နည်းကို လုပ်ကြမယ်ဆိုလို့ရှိရင်ဖြင့် ကဲ . . . အသေလဲ မရှိတော့ပါဘူး၊ အနေဆင်းရဲ (မရှိတော့ပါဘုရား) အသေဆင်းရဲ (မရှိတော့ပါဘုရား) သောကပရိဒေဝ အပူဆင်းရဲ . . . (မရှိတော့ပါဘုရား) ဘာဖြစ်လို့ မရှိပါလိမ့်မတုံး . . . (ဝင်ရိုးကျိုးလို့ပါဘုရား) လှည့်ပေးမည့် အာသဝကျိုးသွားတယ် . . . (မှန်ပါ့)။

ဦးဘအုန်း ဘယ်သူကျိုးသတုံး . . . (လှည့်ပေးမည့် အာသဝ ကျိုးပါတယ်ဘုရား) အာသဝ, ဝင်ရိုးကျိုးတယ်ဆို

http://www.thitsarparamisociety.com/



ကတည်းက ဒကာဒကာမတို့ ပူစရာရှိသေးသလား ... (မရှိပါဘုရား)။

## ဆင်းရဲသိမ်းတဲ့နည်း

အဲဒီလို ပို့လိုက်တဲ့ အခါကျတော့ ဘုန်းကြီးတို့ ဒကာဒကာမတွေမှာ ဝင်ရိုးကျိုးလို့ သံသရာ မလည်ရတော့ဘူး ... (မှန်ပါ့) အသေမထပ်ရတော့ဘူးပေါ့ ... (မှန်ပါ့) သဘောပါပလား ... (ပါ-ပါပြီဘုရား)။

ကဲ ... ဒါဖြင့် ဒကာကြွယ်တို့ ဒီအလုပ်မှတစ်ပါးကျုပ်တို့မှာ အသေဇာတ်သိမ်းတဲ့နည်း အအိုဇာတ်သိမ်းတဲ့နည်း ဆင်းရဲဇာတ်သိမ်းတဲ့နည်း သမုဒယသိမ်းတဲ့နည်း ဒုက္ခသိမ်းတဲ့နည်း မရှိပါဘူး ... (မရှိပါဘုရား) ပေါ်ကြပလား ... (ပေါ်ပါပြီ)။

ဒါဖြင့် ဒကာကြွယ်တို့ ဦးဘအုန်းတို့ ဘာလုပ်ကြမှာတုံးဗျ (ဖြစ်ပျက်ရှုရပါမယ်ဘုရား) ဖြစ်ပျက်မြင်အောင် ရှုပါ ...၊ သဘောကျပလား (ကျပါပြီ)။

ဖြစ်ပျက်ဆိုတာ ဘယ်သူ့အသေတုံး ... (ကိုယ့်အသေပါဘုရား) အဲ ... ကိုယ့်အသေ ကိုယ်မြင်အောင်ကြည့် ... (မှန်ပါ့) လူဟာ တစ်စိတ်တည်းနဲ့ အသက်ရှင်တာကိုး

http://www.thitsarparamisociety.com/



(မှန်ပါ့) တစ်စိတ်တည်းနဲ့ အသက်ရှင်နေတော့ ကဲ . . . စားချင်တဲ့၊စိတ်ကလေးနဲ့ ဒကာကြွယ် စားချင်တဲ့စိတ်ကလေး ပေါ်လာတယ် . . . (မှန်ပါ့ဘုရား)။ အဲ ဒကာကြွယ်က ဖြစ်ပျက်ရှုလိုက် (မှန်ပါ့) စားချင်တဲ့ ဒကာကြွယ် သေတာပဲ . . . (မှန်ပါ့)။

သေလိုက်တယ်ဆိုတော့ ဒုက္ခရောက်တယ်ဗျ . . . (မှန်ပါ့) ဘာလုပ်သလဲ . . . (ဒုက္ခရောက်ပါတယ်) ဒါဖြင့် ကြည့်တဲ့ဉာဏ်ကလေးက ဘာမြင်သတုံး . . . (ဒုက္ခရောက်တာ မြင်ပါတယ်) ဒုက္ခသစ္စာသွားမြင်တယ် . . . (မှန်ပါ့) ဒုက္ခရောက်တဲ့ ဒုက္ခသစ္စာပဲ သွားမြင်တယ် . . . (မှန်ပါ့)။

ဟ . . . ဒီဒုက္ခမျိုး ဒကာကြွယ် နောက်ရချင်သေးသလား . . . (မရချင်ပါဘုရား) မရချင်တော့ လောဘလာလဲသေသွားတယ် (သေသွားပါတယ်) ရချင်တာက လောဘကိုး (မှန်ပါ့) မရချင်တော့ဘူးဆိုတော့ အလောဘဖြစ်တယ် . . . (မှန်ပါ့)။

ဒါဖြင့် ဝင်ရိုးဘယ့်နှယ်တုံး (ကျိုးသွားပါတယ်ဘုရား) ဝင်ရိုးကျိုးတယ်ဆိုလို့ရှိရင် ဘီးများ ဝင်ရိုးကျိုးတယ်ဆိုလို့ရှိရင် သွားလို့ဖြစ်သေးရဲ့လား . . . (မဖြစ်ပါဘုရား)။

အဲ . . . သံသရာသွားလို့ လှည့်လည်လို့ မဖြစ်တော့ဘူး . . . (မှန်ပါ့) ဦးဘအုန်း သံသရာလှည့်လို့ . . . (မဖြစ်ပါဘုရား)

http://www.thitsarparamisociety.com/



အဝိဇ္ဇာနဲ့ တဏှာဆိုတဲ့ဝင်ရိုးက တစ်ခါတည်း ဝိဇ္ဇာဖြစ်သွားပြီ (မှန်လှပါဘုရား) အလောဘဖြစ်သွားပြီ (မှန်ပါ) အဲဒီတော့ ဝင်ရိုးကြီး ကျိုးသွားပြီ . . . (ကျိုးပါပြီဘုရား)။

အဲ . . . လှည့်ပေးမည့်သူ ရှိသေးရဲ့လား . . . (မရှိပါဘုရား) ဒါဖြင့် သံသရာ့ခရီးသည်တွေမှာ ဟိုရောက် ဒီရောက်နဲ့ အသေလှည့်သေးသလား . . . (မလှည့်ရပါဘုရား)။

အင်း . . . အထက်ဗြဟ္မာပြည် ဖြစ်လိုက် သေလိုက် မရောက်တော့ပါဘူး (မရောက်တော့ပါဘုရား) အောက်လူ့ပြည် ဖြစ်လိုက် သေလိုက်ကော . . . (မရောက်တော့ပါဘုရား) ဘေးနတ်ပြည်ဖြစ်လိုက် သေလိုက်ကော . . (မရောက်တော့ပါဘုရား)။

မရောက်တော့ပါဘူး၊ လှည့်ပေးမည့်သူ ကုန်ပြီ . . . (မှန်ပါ) အရင်တော့ သူလှည့်လို့ ကျုပ်တို့မှာ သေတဲ့နေရာတွေဟာ မမြဘူး (မှန်ပါ) ဟို-သွားသေလိုက်၊ ဒီ-သွားသေလိုက်ရလေးဘက်လှည့်သေနေရဘာပဲ . . . (မှန်ပါ)။

ဩော် . . . ဒါကြောင့် ဝိဇ္ဇာဥဒပါဒိ-တဲ့. . . (မှန်ပါ) ဝိဇ္ဇာ-ဝိဇ္ဇာသည်၊ ဥဒပါဒိ-ဖြစ်ပေါ်လာ၏ . . . (မှန်ပါဘုရား) အလောကော ဥဒပါဒိ၊ အင်းရှေးက မှောင်ထဲမွေး . . . မှောင်ထဲသေတာ အခုမှပဲ အလင်းရပေတော့တယ် (မှန်ပါဘုရား) ဉာဏ် ဥဒပါဒိ အခုမှပဲ အသေလွတ်တဲ့နေရာ မြင်ရပေတော့တယ် (မှန်ပါဘုရား) ရှင်းပလား . . . (ရှင်းပါပြီဘုရား)။

http://www.thitsarparamisociety.com/



## ဖြစ်ပျက်ရှုမှ အဝိဇ္ဇာတဏှာချုပ်တယ်

ဒါဖြင့် ဒကာဒကာမတို့ ဖြစ်ပျက်ရှုမှုမှုတစ်ပါး ဒကာ ကြွယ် အားထားစရာ မရှိဘူး (မရှိပါဘုရား) ဖြစ်ပျက်ရှုတော့ ဘာကျေးဇူးရှိသတုံးဆိုတာ ယနေ့ပေါ်လာတယ် (ပေါ်လာပါ တယ်) အာသဝ, ဝင်ရိုးကျိုးတယ်ဘုရာ့ . . . (မှန်ပါ့)။

ဘယ်လိုမှတ်ကြမယ် (အာသဝ, ဝင်ရိုးကျိုးပါတယ်) ဘာရှုလိုက်လို့လဲ . . . (ဖြစ်ပျက်ရှုလိုက်လို့ပါ) ဖြစ်ပျက်ဟာ ဘာသစ္စာ . . . (ဒုက္ခသစ္စာပါဘုရား) အဲ . . . ဒုက္ခသစ္စာကို ဒုက္ခ သစ္စာမှန်း သိတာက ဝိဇ္ဇာ . . . (မှန်ပါ့) ဒုက္ခသစ္စာကို ဒုက္ခသစ္စာ မှန်းသိလို့ မိမိအသေမှန်းသိလို့ မလိုချင်တာက အလောဘ . . . (မှန်ပါ့ဘုရား) ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာချုပ်တယ် . . . (မှန်ပါ့ ဘုရား) ဝိဇ္ဇာနဲ့အလောဘ ရောက်လာတယ် . . . (မှန်ပါ့) ရှင်း ပလား . . . (ရှင်းပါပြီ)။

## နိဗ္ဗာန်ရပြီ

ဝိဇ္ဇာနဲ့ . . . (အလောဘရောက်လာပါတယ်) ဒါဖြင့် ဝင့်ရိုးကျိုးတဲ့ ဘီးသည် ဘယ်မှ မလိမ့်တော့ပါဘူး . . . (မှန်ပါ့) ဦးဘအုန်း ဘယ်လိုတုံး . . . (ဘယ်မှမလိမ့်တော့ပါဘုရား)။

ဘယ်မှမလိမ့်ဘူးဆိုကတည်းက နိစ္စနိဗ္ဗာန်၊ ဓုဝ-နိဗ္ဗာန် ဆိုတာ အမြဲတမ်းရသွားပြီ . . . (ရသွားပါပြီ) ဘယ်မှ မရွေ့ရ တော့ဘူး (မှန်ပါ့)။

http://www.thitsarparamisociety.com/



အခုတော့ . . . ဒကာဒကာမတွေ ဒီနေရာ နေဦးမယ် ဆိုရင် ခင်ဗျားတို့ ရွှေ့ကြရော့ . . . (မှန်ပါ့) ဟိုနေလဲ, ဒီနေရာ ဆိုလဲ အချိုးမကျဘူး၊ စစ်တွေကျနေတယ်ဆိုရင်ကော (ရွှေ့ရမှာ ပါဘုရား) ဟာ . . . ခင်ဗျားတို့ ရွှေ့ကြပါဦးဆိုရင်ကော . . . (ရွှေ့ရမှာပါဘုရား)။

ဦးဘအုန်း ခင်ဗျားတို့နေရာ မြဲရဲ့လား (မမြဲပါဘုရား) အနေမမြဲရင် အသေကော . . . (မမြဲပါဘုရား)။

အသေလဲ ဘယ်နေရာရယ်လို့ ရေထဲသေရမလား ဘုရား၊ ကုန်းပေါ်သေရမလားဘုရား၊ မပြောတတ်သေးဘူးဘုရား (မှန်လှ ပါဘုရား)။

ဒါဖြင့် အသေမမြဲဆိုတာ ဒီဝင်ရိုးပဲကိုး (မှန်ပါ့) ရှင်း ပလား . . . (ရှင်းပါပြီ)။

အခုတော့ ဒီဝင်ရိုးကျိုးသွားတဲ့အလုပ်ကို ခင်ဗျာတို့က လုပ်ကြတယ်ဆိုရင် အနေကော . . . (မြဲပါတယ်ဘုရား) မြဲသွား ပြီ အသေကော ရှိသေးရဲ့လား . . . (မရှိတော့ပါဘုရား)။

ဒါဖြင့် အနေမြဲ, အသေမရှိအောင် ဒကာဒကာမတို့ ဝင်ရိုးကျိုးအောင်လုပ် . . . (မှန်ပါ့ဘုရား) ပေါ်ကြပလား . . . (ပေါ်ပါပြီ) ဦးဘအုန်း ဘာလုပ်မယ် . . . (ဝင်ရိုးကျိုးအောင် လုပ်ပါမယ်ဘုရား)။

http://www.thitsarparamisociety.com/



အဲ ဝေဒနာကြိုက်ရင် ဝေဒနာဖြစ်ပျက်ရှု . . . (မှန်ပါ့) စိတ်ကြိုက်တဲ့ပုဂ္ဂိုလ်ဖြင့် (စိတ်ကိုဖြစ်ပျက် ရှုပါမယ်ဘုရား)။

အဲ . . . ရှုနေတဲ့ဉာဏ်သည် ဝင်ရိုးကျိုးအောင် လုပ်နေတာပဲ . . . (မှန်ပါ့ဘုရား) ရှုနေတဲ့ဉာဏ်သည် . . . (ဝင်ရိုးကျိုးအောင် လုပ်တာပါ) ပေါ်ပလား . . . (ပေါ်ပါပြီဘုရား)။

တဲ . . . နာရီစေ့ပြီ တော်ကြဦးစို့။

သာဓု . . . သာဓု . . . သာဓု။

http://www.thitsarparamisociety.com/

စာမူခွင့်ပြုချက် ၂၁/၉၇ (၅)

ထုတ်ဝေသူ။ ဦးအောင်ချို (မြ - ဝ၈၃၁)
မိုးကုတ်ဝိပဿနာ တရားစဉ်နှင့်
လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်။
အမှတ်-၈၂၊ နတ်မောက်လမ်း၊
ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးဝင်းအောင် (မြ - ဝ၅၁၃၁)
သန်းထိုက်ရတနာပုံနှိပ်တိုက်၊
အမှတ် - ၈၄/၈၆၊ ၅၀-လမ်း၊
(၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်
ရန်ကုန်မြို့။ ဖုန်း - ၂၉၈၆၇၄

မိုးကုတ်ယောဂီများအတွက်သာ ထုတ်ဝေပါသည်။